# မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက်၊ ၂၀၀၆ ခုနှစ်၊ နိုဝင်ဘာ ၂၀ ရက်၊ တနင်္လာနေ့၊ အတွဲ(၄၆)၊ အမှတ် (၅၁)


## ထိုင်းဝန်ကြီးချုပ်ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး လာရောက်မည်

နေပြည်တော် နိုဝင်ဘာ ၂၀

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စုရာယုဒ်၊ ချူလာနွန် ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စု မြန်မာနိုင်ငံတော်သို့ မကြာမီအတွင်း ချစ်ကြည်ရေး ခရီးလာရောက်မည်ဖြစ်သည်။

(သတင်းစဉ်)

# နိုင်ငံတော်မှ ချမှတ်ထားသော စီမံကိန်းနှင့် မူဝါဒများ အောင်မြင်အောင် အကောင်အထည်ဖော် မိုးစပါးနှင့် နွေစပါး လျာထားချက်ပြည့်မီရေး သတ်မှတ်ချက်နှင့်အညီ ကြိုးပမ်းစိုက်ပျိုး ဒေသဖွံ့ဖြိုးရေး ကုန်ထုတ်လုပ်ငန်းများတိုးတက်အောင် တက်ညီလက်ညီ စုပေါင်းဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၁၉

ဧရာဝတီတိုင်း ဖျာပုံမြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် နိုဝင်ဘာ ၁၆ ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် တိုင်းအဆင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ဖျာပုံမြို့မှ ဖျာပုံ–ဘိုကလေး ကားလမ်းတစ်လျှောက် မိုးစပါးများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေနှင့် ဖျာပုံ–ဘိုကလေးကားလမ်းအခြေအနေတို့ကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေး၍ ထွက်ခွာခဲ့ကြရာ နံနက် ၈ နာရီခွဲတွင် ဘိုကလေးမြို့သို့ ရောက်ရှိကြသည်။



### ပညာပေးပြခန်း ကြည့်ရှုစစ်ဆေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း ဘိုကလေးမြို့နယ် မိန်းမလှကျွန်း ဘေးမဲ့တော ပညာပေးပြခန်းကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ဘိုကလေးမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများအား တွေ့ဆုံသည်။

### ရှင်းလင်းတင်ပြ

တွေ့ဆုံပွဲအခမ်းအနားတွင် ရှေးဦးစွာ ဘိုကလေးမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးစိုးသိန်းက ဘိုကလေးမြို့နယ်၏ ဒေသဆိုင်ရာအချက်အလက်များ၊ မြို့နယ်၏မြေအသုံးချမှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ် အကောင်အထည်ဖော်နိုင်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဌာနဆိုင်ရာတာဝန်ရှိသူများက သက်ဆိုင်ရာဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှုများကို ဖြည့်စွက် ရှင်းလင်းတင်ပြကြသည်။

*စာမျက်နှာ ၈ ကော်လံ ၁*

## မိုးလေဝသ အခြေအနေ

၂၀-၁၁-၂၀၀၆

**နေပြည်တော်**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့**

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မန္တလေးမြို့**

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း

## အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်)

# ဇီဝဒီဇယ်ဆီထုတ်လုပ်မှု အောင်မြင်ရေး အသိပညာပေးဆွေးနွေး

ကမ္ဘာတစ်ဝန်း၌ သဘာဝ ရေနံသယံဇာတ အရင်းအမြစ်များ တစ်စတစ်စ ရှားပါးလာလျက်ရှိသည်။ ထို့ကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးတွင် ရေနံအစားထိုး လောင်စာစွမ်းအင်များရရှိရေးကို ဦးစားပေးအာရုံစိုက် ဆောင်ရွက်လာရာ ဇီဝဒီဇယ်ဆီထုတ်လုပ်ရေးသည် ရှေ့တန်းရောက်လာသည်။

နိုင်ငံတကာနည်းတူ မြန်မာနိုင်ငံသည်လည်း ဇီဝလောင်စာစွမ်းအင်ရရှိရေးကို ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိရာ နေရာအနှံ့အပြားတွင် ဇီဝဒီဇယ်ဆီထုတ်ယူနိုင်သော ခြံစည်းရိုးကြက်ဆူပင်များကို စီမံကိန်းချမှတ် စိုက်ပျိုးလျက်ရှိသည်။

တစ်ဖက်က ဇီဝဒီဇယ်ဆီထုတ်ယူနိုင်သည့် ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးနေသကဲ့သို့ အခြားတစ်ဖက်တွင်လည်း ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးမှုနှင့် ဇီဝဒီဇယ်ဆီထုတ်ယူမှုဆိုင်ရာ နည်းပညာများကို သိရှိနိုင်ရန် အသိပညာပေး ဆွေးနွေးပွဲများကို ပြည်တွင်းပြည်ပမှ အသိပညာရှင်များနှင့် ပူးပေါင်းကာ ပြုလုပ်ပေးလျက်ရှိသည်။

မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစီအစဉ်ဖြင့် MAN Ferrostaal Industrieanlagen Gmbh (Yangon Branch)နှင့် ရွှေသံလွင်ကုမ္ပဏီလီမိတက်တို့ ပူးပေါင်းကျင်းပသည့် ဇီဝဒီဇယ်ဆီထုတ်လုပ်ခြင်းနှင့်စပ်လျဉ်းသည့် သရုပ်ပြရှင်းလင်းဆွေးနွေးပွဲကို နိုဝင်ဘာ ၁၈ရက်က ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပခဲ့သည်။

ရေနံစွမ်းအင်အစားထိုး ဇီဝဒီဇယ်ဆီထုတ်ယူမှုတွင် ကမ္ဘာပေါ်၌ ခြံစည်းရိုးကြက်ဆူပင်သည် အကောင်းဆုံး အနေအထားရှိရာ စနစ်တကျစိုက်ပျိုးထုတ်ယူရန်သာ အရေးကြီးပေသည်။ သို့မှသာ လေလွင့်ဆုံးရှုံးမှုမရှိသည့်အတွက် အကျိုးစီးပွား ဖြစ်ထွန်းမည်ဖြစ်သည်။

ဇီဝဒီဇယ်ဆီကို နေရာဒေသမရွေး၊ ရာသီဥတုမရွေး စိုက်ပျိုးနိုင်သည့် ခြံစည်းရိုးကြက်ဆူပင်များမှ အများဆုံးထုတ်ယူနိုင်သည်။ ကြံ၊ ပြောင်း၊ ပီလောပီနံစသည့် သီးနှံများမှလည်း ဇီဝဒီဇယ်ဆီထုတ်ယူနိုင်သည်။ ယခုအခါ တစ်ကမ္ဘာလုံး၌ ဇီဝဒီဇယ်ဆီထုတ်လုပ်ရန် စိုက်ပျိုးနေသည့် မြေအကျယ်အဝန်းမှာ တစ်နှစ်လျှင် ဟက်တာခြောက်သန်းမှ ၁၀သန်းအထိ တိုးတက်လာနေပြီ ဖြစ်သည်။

ကြက်ဆူဆီမှ ဇီဝဒီဇယ်ဆီထုတ်လုပ်ရာတွင် ခေတ်မီနည်းစနစ်ဖြင့် ထုတ်ယူပါက သန့်စင်သော ဇီဝဒီဇယ်ဆီရရှိနိုင်ပြီး လိုအပ်သလို သုံးစွဲနိုင်သည်ကို တွေ့ရသည်။

ကမ္ဘာတွင် တစ်နေ့တခြား ရှားပါးလာသော ရေနံစွမ်းအင်ကို အားကိုးမှီခိုမှု ကင်းဝေးစေရန် ခြံစည်းရိုးကြက်ဆူပင်မှ ဇီဝဒီဇယ်ဆီ ထုတ်ယူနိုင်ရေး အသိပညာပေး ဆွေးနွေးပွဲများ၏ အကျိုးကျေးဇူးကား ကြီးမားသည်ဖြစ်ရာ ယခုထက်ပိုမိုပြီး အသိပညာပေးဆွေးနွေးပွဲများ ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်နိုင်ပါက ဇီဝဒီဇယ်ဆီထုတ်လုပ်မှုအောင်မြင်ပြီး ပြည်သူတို့ ပိုမို အကျိုးကျေးဇူး ခံစားရမည်ဖြစ်ပေသည်။ ။

## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# လားရှိုးမြို့ နားဖကျေးရွာ အဆင့်မြင့် ဝက်မွေးမြူရေးခြံ ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်းကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၁၉

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် နိုဝင်ဘာ ၁၃ ရက် နံနက် ၈နာရီက ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးမြို့ လားရှိုး-မိုင်းယော် ကားလမ်းဘေး နားဖကျေးရွာရှိ မွေးမြူရေး၊ အစားအစာနှင့်နို့ထွက်ပစ္စည်းလုပ်ငန်း အဆင့်မြင့်ဝက်မွေးမြူရေးခြံကို သွားရောက်စစ်ဆေးကြည့်ရှုရာ အထွေထွေမန်နေဂျာ ဒေါက်တာသန်းရွှေနှင့် ခြံမန်နေဂျာဒေါက်တာဆွေလွင်တို့က ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။**

ထို့နောက်ဝန်ကြီး၊ ဒုတိယတိုင်းမှူးနှင့်အဖွဲ့သည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ကုန်းမြင့်ယာမြေ ဧက ၅၀၀၀ ဖော်ထုတ်ရေးစီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိလာရာ စီမံကိန်းမန်နေဂျာ ဦးခင်မောင်မြင့်က ဗလမင်းထင်ကုမ္ပဏီ(နားလျှံ)၏ အစေ့ထုတ်ပြောင်း ထုတ်လုပ်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးနှင့် ဒုတိယတိုင်းမှူးတို့က လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

### ကြည့်ရှုအားပေး

ဆက်လက်၍ ဝန်ကြီး၊ ဒုတိယတိုင်းမှူးနှင့်အဖွဲ့သည် လားရှိုး-မိုင်းယော် ကားလမ်းဘေးရှိ လူငယ်အားမာန် ရော်ဘာစိုက်ပျိုးရေးလုပ်ငန်း စိန်ဝတ်မှုံကုမ္ပဏီ ရော်ဘာဧက၄၀၀၀စိုက်ပျိုးရေး စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိလာရာ မန်နေဂျာဦးမျိုးရီ၏ ရှင်းလင်းတင်ပြချက်များအပေါ် ဝန်ကြီးနှင့် ဒုတိယတိုင်းမှူးတို့က လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးပြီး ရော်ဘာမြေပေါင်စိုက်ခင်းနှင့် မျိုးသန့်ကိုင်းပွားစိုက်ခင်းတို့ကို ကြည့်ရှု အားပေးသည်။

### ညှိနှိုင်းဆောင်ရွက်ပေး

ထို့နောက် ဝန်ကြီး၊ ဒုတိယတိုင်းမှူးနှင့် အဖွဲ့သည် ဗလမင်းထင်ကုမ္ပဏီ တစ်ဧက တန်၅၀နှုန်း အထွက်ကောင်း ကြံစိုက်ခင်းကို သွားရောက်ကြည့်ရှုကာ လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။ ဆက်လက်၍ ဝန်ကြီး၊ ဒုတိယတိုင်းမှူးနှင့် အဖွဲ့သည် ဗလမင်းထင်ကုမ္ပဏီနှင့် မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်း လုပ်ငန်းတို့ အကျိုးတူ ပူးပေါင်းဆောင်ရွက်သည့် ဝက်မွေးမြူရေးခြံရှိ အသားတိုးဝက်ငယ်များ မွေးမြူထားရှိမှုကို သွားရောက်ကြည့်ရှုသည်။

ထို့နောက် ဝန်ကြီး၊ ဒုတိယတိုင်းမှူးနှင့်အဖွဲ့သည် စိန်ဝတ်မှုံကုမ္ပဏီ ကြက်ဆူစေ့ဆီကြိတ်စက်ရုံနှင့် ကြက်ဆူပင် မြေပေါင်စိုက်ခင်း၊ မျိုးသန့်ကိုင်းပွားစိုက်ခင်းတို့ကို သွားရောက်ကြည့်ရှု အားပေးသည်။ ဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် နောင်ချိုမြို့ ခြေမြစ်ပင်ကျေးရွာရှိ မွေးမြူရေး အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း မျိုးပွားကြက်မွေးမြူရေးခြံသို့ ရောက်ရှိလာပြီး အထွေထွေမန်နေဂျာဒေါက်တာသန်းရွှေက ဘိုးဘွားမျိုး ရက်သားကြက်ပေါက်များ မွေးမြူထားရှိမှုကို မြေပုံ၊ ဆလိုက်များဖြင့် ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဝန်ကြီးနှင့်အဖွဲ့သည် နိုဝင်ဘာ ၁၄ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်း ပုသိမ်ကြီးမြို့နယ် အောင်ရဲရွာရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၏ ဒူးရင်းပင်များ စိုက်ပျိုးထားရှိမှု အခြေအနေ၊ ပေါင်းမြက်ရှင်းလင်းခြင်း အခြေအနေများနှင့် စိန်တလုံးသရက်စိုက်ခင်းနှင့် သဘော်ပျိုးပင်များ စိုက်ပျိုးထားရှိမှုကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။ **(သတင်းစဉ်)**



## မြဝတီရုပ်မြင်သံကြား

**၂၀-၁၁-၂၀၀၆ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၄၅ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၀ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၅ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၃၀ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၅၀ ၅။ မျိုးချစ်တပ်မတော်
- ၅:၁၀ ၆။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
- ၅:၃၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၉။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၀။ မိုးလေဝသသတင်း
- ၆:၃၅ ၁၁။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"လွမ်းမပြေ"** (အပိုင်း-၁၉)
- ၈:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၅။ မေးမြန်းစူးစမ်း
- ၁၆။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ဘက်မတူတဲ့တက်လူ"** (အပိုင်း-၂၁)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၂၀-၁၁-၂၀၀၆ (တနင်္လာနေ့)**

- ၇:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
- ၇:၀၅ အမှတ်(၁)စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော် (အပိုင်း-၂)
- ၇:၁၅ တေးဂီတအစီအစဉ်
- ၇:၂၀ ကျန်းမာရေးကဏ္ဍ (နဝင်းဆရာကြီး ဦးငွေစိုး)
- ၇:၄၀ တေးဂီတအစီအစဉ်
- ၇:၄၅ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ (ရွှေမိုးသည်းရုပ်ရှင်)
- ၈:၁၅ တေးဂီတအစီအစဉ်
- ၈:၂၀ ပြည်တွင်းသတင်းအကျဉ်း
- ၈:၃၀ ပြည်နယ်ဂုဏ်ဆောင် ငွေတောင်ဆည်
- ၈:၄၀ တေးဂီတအစီအစဉ်
- ၈:၄၅ နိုင်ငံတကာသတင်းအကျဉ်း
- ၈:၅၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၉:၁၅ မိုးလေဝသခန့်မှန်းချက်
- ၉:၂၀ မူးယစ်ဟူက တိုက်ဖျက်ကြ (စိုင်းစိုင်းခမ်းလှိုင်၊ ချစ်သုဝေ၊ ကင်းကောင်)
- ၉:၂၅ ပြည်တွင်းသတင်းအကျဉ်း
- ၉:၃၅ တေးဂီတအစီအစဉ်
- ၉:၄၀ Celebrity Style (ဂန္ထဝင်နှင့် တွေ့ဆုံခြင်း)
- ၁၀:၂၀ တေးဂီတအစီအစဉ်
- ၁၀:၂၅ နိုင်ငံတကာသတင်းအကျဉ်း
- ၁၀:၃၀ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ သိကောင်းစရာများ (ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်) ဆွေးနွေးခန်း
- ၁၀:၄၀ တေးဂီတအစီအစဉ်
- ၁၀:၄၅ လမ်းပြကြယ်များ
- ၁၁:၀၅ တေးဂီတအစီအစဉ်
- ၁၁:၁၀ သန့်ရှင်းလတ်ဆတ် စံချိန်မီ မြန်မာ့ချက်နို့ဆီ
- ၁၁:၂၅ တေးဂီတအစီအစဉ်
- ၁၁:၃၀ Basic Computer Learning For Beginner Vol-2
- ၁၂:၀၀ MRTV-4 အပိတ် Logo

**အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

**နိုဝင်ဘာ ၁၇ ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၏ နယ်လှည့်စာကြည့်တိုက် ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲဖွင့်ပွဲကို အမှတ်(၁) အခြေခံပညာ အလယ်တန်းကျောင်းတွင် ကျင်းပရာ မြို့နယ် ပညာရေးမှူး ဦးဝင်းရိုန်၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်မြမြနှင့် ကျောင်းအုပ်ဆရာကြီးဦးအေးကျော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။**



(၂၅၉)

## ပေးအပ်လှူဒါန်း

**ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် ဦးစံဖေရပ်ကွက် ဘုရင့်နောင်လမ်း အမှတ်(၈)နေ ဦးဝင်းကြည်-ဒေါ်မြသီမိသားစုတို့က ဆွမ်းပဒေသာပင်အတွက် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဝင် ဦးချစ်မြိုင်ထံ ပေးအပ်လှူဒါန်းစဉ်။**

(က-ပ)

# ၁၃၆၈ ခုနှစ် စာဆိုတော်နေ့နှင့် သက်ကြီးစာပေပညာရှင်ကြီးများ ကန်တော့ပွဲ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်ချီးမြှင့် သက်ကြီးစာပေပညာရှင်ကြီးများအား ကန်တော့ပစ္စည်းများနှင့် အလှူငွေပေးအပ်

ရန်ကုန် နိုဝင်ဘာ ၁၉

**မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ၁၃၆၈ခုနှစ် မြန်မာနိုင်ငံ စာဆိုတော်နေ့နှင့် သက်ကြီးစာပေပညာရှင်ကြီးများအား ကန်တော့ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့တော်ခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်ချီးမြှင့်ပြီး သက်ကြီးစာပေပညာရှင်ကြီးများအား ကန်တော့ကာ အလှူငွေနှင့် ကန်တော့ပစ္စည်းများ ပေးအပ်သည်။**



**ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် တက်ရောက်လာကြသူများက ကန်တော့ခံ သက်ကြီး စာပေပညာရှင်ကြီးများအား လက်အုပ်ချီမိုး ရှိခိုး ကန်တော့ကြစဉ်။** (မြန်မာ့အလင်း)

## တက်ရောက်

အခမ်းအနားသို့ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ တရားရုံးချုပ် တရားသူကြီး ဒေါက်တာတင်အောင်အေး၊ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင် (ကိုဆောင်း)နှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ကန်တော့ခံ သက်ကြီး စာပေ



ပညာရှင်ကြီးများ၊ မြို့နယ်စာပေနှင့် စာနယ်ဇင်းများမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အမှုဆောင်များ၊ စာပေပညာရှင်များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



**ကန်တော့ခံ သက်ကြီးစာပေ ပညာရှင်ကြီးများကိုယ်စား ဆရာမကြီး ဒေါ်ကြန်(မကြန်) သြဝါဒ စကား ပြောကြားစဉ်။**
(မြန်မာ့အလင်း)

## ရှင်းလင်းတင်ပြ

ရှေးဦးစွာ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၂) ဦးသန်းမောင်(သန်းမောင်)က ၁၃၆၈ ခုနှစ် မြန်မာနိုင်ငံ စာဆိုတော်နေ့နှင့် သက်ကြီး စာပေ ပညာရှင်ကြီးများ ကန်တော့ပွဲကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

## ဖတ်ကြား

ယင်းနောက် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ၏ သဝဏ်လွှာကို မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်း အဖွဲ့ တွဲဖက်အတွင်းရေးမှူး(၁) ဦးသန်းလှိုင် (တက္ကသိုလ်သန်း)က ဖတ်ကြားသည်။

ဆက်လက်၍ ကန်တော့ခံ သက်ကြီးစာပေပညာရှင်များ၏ အမည်စာရင်းကို ကြို့ဆိုနေရာချထားရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးမြတ်ခိုင် (မြတ်ခိုင်)က ဖတ်ကြားသည်။

ထို့နောက် အလှူရှင်များစာရင်းကို မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဘဏ္ဍာရေးမှူး ရဲမှူးကြီးခင်မောင်ထွန်း (အငြိမ်းစား) (ခင်မောင်ထွန်း–လမ်းမတော်)က ဖတ်ကြားသည်။

## ရှိခိုးကန်တော့

ယင်းနောက် တက်ရောက်လာကြသူများက ကန်တော့ခံ သက်ကြီးစာပေ ပညာရှင်ကြီးများအား ညီညာဖျဖျ လက်အုပ်ချီမိုး၍ ရှိခိုးကန်တော့ကြသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ကန်တော့ခံ သက်ကြီး စာပေပညာရှင်ကြီးများဖြစ်ကြသော ဒေါ်ကြန်(မကြန်)၊ ဦးလှကြိုင်(ပါရဂူ)၊ ဗိုလ်မှူးကြီးစောမြင့် (အငြိမ်းစား)(မှူးသမိန်)၊ ဦးမောင်မောင်ခင် (တက္ကသိုလ် မောင်မောင်ခင်)၊ ဦးကျော်ဆန်း (သုခိအောင်)၊ ဦးမောင်ကလေး (သောကြာ)၊ ဦးအောင်စိုး (အောင်စိုး)၊ ဒေါ်ရင်ရင်(စောမုံညင်း)နှင့် ဒေါ်အုန်းခင် (အင်းလျားကြည်ရွှင်)တို့အား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းငွေကျပ် တစ်သောင်းနှင့် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့က လှူဒါန်းငွေကျပ်ကိုးသောင်း စုစုပေါင်းငွေကျပ် တစ်သိန်းစီနှင့် ကန်တော့ပစ္စည်းများကို ပေးအပ်သည်။

## ပေးအပ်

ယင်းနောက် တရားရုံးချုပ် တရားသူကြီး ဒေါက်တာတင်အောင်အေးနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများက ကန်တော့ခံ သက်ကြီး ပညာရှင်ကြီးများအား အလှူငွေကျပ် တစ်သိန်းစီနှင့် ကန်တော့ပစ္စည်းများကို ပေးအပ်ကြသည်။

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ကန်တော့ခံ သက်ကြီးပညာရှင်ကြီးများအား တစ်ဦးချင်း ဂါရဝပြုလိုက်လံနှုတ်ဆက်သည်။



ထို့နောက် ကန်တော့ခံ သက်ကြီး စာပေ ပညာရှင်ကြီးများ ကိုယ်စား ဆရာမကြီး ဒေါ်ကြန် (မကြန်)က သြဝါဒစကား ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူး ဒေါက်တာတင်ထွန်းဦး (ဒေါက်တာတင်ထွန်းဦး)က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယခုနှစ် ကန်တော့ခံ သက်ကြီး စာပေပညာရှင် အသက် ၈၀ နှင့် အထက် စုစုပေါင်း ၁၁၁ ဦးရှိပြီး အခမ်းအနားသို့ တက်ရောက်လာကြသော ကန်တော့ခံ သက်ကြီး စာပေပညာရှင်ကြီးများမှာ ၇၁ ဦး ဖြစ်သည်။

**(သတင်းစဉ်)**



**ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ကန်တော့ခံ သက်ကြီး စာပေပညာရှင်ကြီးများအား လှူဒါန်းငွေနှင့် ကန်တော့ပစ္စည်းများကို ပေးအပ်စဉ်။**
(မြန်မာ့အလင်း)

# ကိုယ်တွေ့ဉာဏ်မြင် ၁၈ ရက် တရားစခန်း

**ရန်ကုန် နိုဝင်ဘာ ၁၉**

မိတ္ထီလာမြို့ သီးကုန်းကျေးရွာရှိ ရွှေဥမင်တောရရိပ်သာ၏ ကျေးဇူးရှင်ဆရာတော် အရှင်အာဒိစ္စရံသီ (စာရေးဆရာ ဆန်းလွင်) ပျံလွန်တော်မူသည့် လေးနှစ်ပြည့် နိုဝင်ဘာ ၂၆ ရက် (နတ်တော်လဆန်း ၇ ရက်)တွင် ဘုရားအမှူးပြု၍ သံဃာတော်များအား ဆွမ်းဆက်ကပ်၍ စတုဒိသာ ကျွေးမွေးလှူဒါန်းမည်ဖြစ်သည်။ နိုဝင်ဘာ ၂၇ ရက် (နတ်တော်လဆန်း ၈ရက်) မှ ဒီဇင်ဘာ ၁၄ ရက် (နတ်တော်လပြည့်ကျော်၁၀ ရက်)အထိ ၁၈ရက်တိုင်တိုင် ကိုယ်တွေ့ဉာဏ်မြင် ဝိပဿနာ တရားများကို ဆရာတော်၏ တပည့် အရှင်ဦးပဏ္ဍိတ (ဆင်တောင်တောရ)နှင့် အရှင်ဦးသုဇာတ(ရွှေဥမင်တောရ) တို့က ပြသမည်ဖြစ်သည်။ တရားစခန်းဝင်လိုသူများသည် ဦးမြင့်သိန်း ဖုန်း–၀၆၄–၂၁၃၇၀ နှင့် ဦးမြင့်သိန်း ဖုန်း–၀၆၄–၂၁၂၄၅ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**(က–ပ)**

## မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ



အမေရိကန်နိုင်ငံ ကနေဒီ အာကာသစခန်း၌ အာကာသယာဉ်မှူးများကို နိုဝင်ဘာ၁၇ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

# နျူကလီးယားအစီအစဉ် နောက်ဆုံးအဆင့် မကြာမီပြုလုပ်နိုင်မည်ဟု အီရန်သမ္မတ ပြောကြား

တီဟီရန် နိုဝင်ဘာ ၁၉

**အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်နောက်ဆုံးအဆင့် ဆောင်ရွက်မှုကို မကြာမီပြုလုပ်နိုင်မည်ဖြစ်ကြောင်း အီရန်သမ္မတ မာမွတ်အာမက်နီဂျက်က ပြောကြားလိုက်သည်ကို အီရန်သတင်းဌာနများက ဖော်ပြသည်။**

အဆိုပါ သမ္မတသည် ယင်းနောက်ဆုံးအဆင့်မှာ ဘာဖြစ်သည်ဆိုသည်ကို ရှင်းလင်း ပြောကြားခြင်း မရှိပေ။ ဆောင်ရွက်မှုမှာ သဘောတူညီချက်မရသေးဘဲ ဖြစ်သည်။

အီရန်သမ္မတက ယင်းနိုင်ငံ၏ နျူကလီးယား အောင်မြင်မှုများကို အီရန်ပြက္ခဒိန်နှစ်ကုန်ဆုံးချိန်၂၀၀၇ခုနှစ်မတ်လတွင် ပြုလုပ်အောင်ပွဲခံလိမ့်မည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

**အမ်အင်အေ၊ရိုက်တာ**

**ဆက်လက်ဆောင်ရွက်**

ကုလသမဂ္ဂက အီရန်နိုင်ငံအားယူရေနီယံသန့်စင်ခြင်းကို ဟန့်တားရန် ဆော်သြခဲ့သော်လည်း အီရန်နိုင်ငံက ၎င်း၏ နျူကလီးယား အစီအစဉ်များ ဆက်လက် ဆောင်ရွက်ခဲ့သည်။ အနောက်နိုင်ငံများက ယင်းအစီအစဉ်၏ တစ်စိတ် တစ်ဒေသအားဖြင့် နျူကလီးယားဗုံးများ ထုတ်လုပ်ရန် လုပ်ဆောင်နေသည်ဟု ယုံကြည်ထားသည်။

**ရင်ဆိုင်ကြုံတွေ့နိုင်**

တီဟီရန်က ယင်းနျူကလီးယားအစီအစဉ်မှာ ငြိမ်းချမ်းစွာ အသုံးပြုရန် ရည်ရွယ်သည်ဟု ပြောကြားသည်။ ကုလသမဂ္ဂ၏ တောင်းဆိုချက်များကို အီရန်ကလျစ်လျူရှုလျက် အရေးယူမှုများ ဖြစ်လာနိုင်ခြင်းနှင့် ရင်ဆိုင်ကြုံတွေ့နေရသည်။ သို့သော်လည်း ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အရေးယူ



၂၀၀၈ခုနှစ် ပေကျင်းအိုလံပစ် အားကစားပွဲတော်အထိမ်းအမှတ်အဖြစ် တရုတ်နိုင်ငံအနောက်တောင်ပိုင်း ချန်တိုလေဆိပ်၌ အိုလံပစ် အထိမ်းအမှတ် အရုပ်လေးများကိုင်ဆောင်၍ ခရီးသည်များအား နှုတ်ဆက်နေသည့် တရုတ်လေယာဉ်မယ်များကို နိုဝင်ဘာ၁၇ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

# နီပေါ၌ တောင်တက်သမားသုံးဦး ပျောက်ဆုံးနေ

**ခတ္တမန္ဒူ နိုဝင်ဘာ ၁၉**

နီပေါနိုင်ငံ အရှေ့ဘက်တွင်ရှိသော ဟိမဝန္တာတောင်တွင် နှင်းတောင်ပြိုကျမှုကြောင့် တောင်တက်သမားသုံးဦးနှင့် လမ်းပြတစ်ဦးတို့ ပျောက်ဆုံးလျက်ရှိကြောင်း နီပေါအရာရှိတစ်ဦးက နိုဝင်ဘာ၁၆ရက်၌ ပြောကြားသည်။

နီပေါနိုင်ငံ ခတ္တမန္ဒူမြို့တော် အရှေ့ဘက်မိုင် ၈၀ အကွာရှိ အမာဒါဘလမ်တောင်၏ ၆၈၁၂ မီတာအမြင့်၌ရှိသော ယာယီစခန်း တစ်ခုအတွင်း အဆိုပါ တောင်တက်သမားများနှင့် လမ်းပြတို့ အိပ်ပျော်စဉ် ယခုကဲ့သို့ အဖြစ်မျိုးနှင့် ကြုံတွေ့ခဲ့ရပြီး ပျောက်ဆုံးသွားခြင်း ဖြစ်သည်ဟု နီပေါခရီးသွားလုပ်ငန်း ဝန်ကြီးဌာနမှ လော့ဘာဟာဒူရာခါတရီကပြောကြားသည်။

အဆိုပါ တောင်တက်သမားများ ယာယီစခန်းအတွင်း အိပ်ပျော်နေစဉ် တောင်ထိပ်မှ နှင်းထုကြီးတစ်ခုက တိုက်ချခြင်းခံခဲ့ရကြောင်း၊ စခန်းပတ်လည်တွင် ရေခဲတုံးများပြန့်ကျဲလျက်ရှိသည်ကို တွေ့ရကြောင်း၊ ပျောက်ဆုံးလျက်ရှိသော တောင်တက်သမားများကို ရှာဖွေရန် အဆိုပါဒေသသို့ ရဟတ်ယာဉ်တစ်စင်း စေလွှတ်ထားကြောင်း သိရသည်။

ဖိနပ်နှင့်အဝတ်အစား အချို့ကို တွေ့ရှိရသော်လည်း တောင်တက်သမားများကို ရှာဖွေမတွေ့ကြောင်း ရဟတ်ယာဉ်မှူးက ပြောကြားခဲ့သည်။ ပျောက်နေသော တောင်တက်သမားများမှာ ဗြိတိန်နှင့် ဆွီဒင်နိုင်ငံသားတို့ ဖြစ်ကြောင်း သိရသည်။

**အမ်အင်အေ၊ရိုက်တာ**

# မြောက်ကာရိုလိုင်းနား၌ လေဆင်နှာမောင်းတိုက်ခတ် ကိုးဦးသေဆုံး၊ လျှပ်စစ်ဓာတ်အားပြတ်တောက်ခဲ့

**ဝါရှင်တန် နိုဝင်ဘာ ၁၉**

အမေရိကန်နိုင်ငံ မြောက်ကာရိုလိုင်းနားပြည်နယ်တွင် နိုဝင်ဘာ၁၆ရက်က လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် အနည်းဆုံးလူကိုးဦး သေဆုံးခဲ့ရကြောင်း အမေရိကန်မီဒီယာများက ဖော်ပြသည်။

မြောက်ကာရိုလိုင်းနားပြည်နယ် အရှေ့တောင်ပိုင်းရှိ ဝဲလ်မင်တန်မြို့အနောက်ဘက်တွင် လေပြင်းမုန်တိုင်းများ တိုက်ခတ်မှုကြောင့် ဆက်သွယ်ရေးဌာနအဆောက်အအုံများ ပျက်စီးခဲ့ရကြောင်း စီအင်န်အင်န် သတင်းတစ်ရပ်၌ ဖော်ပြသည်။

ထိုသို့ လေပြင်းမုန်တိုင်းများတိုက်ခတ်မှုကြောင့် အချို့ဒေသခံများ ပျောက်ဆုံးနေဆဲဖြစ်ပြီး ကယ်ဆယ်ရေးအဖွဲ့များက ရှာဖွေမှုများ ပြုလုပ်လျက်ရှိကြောင်း အရေးပေါ် ကယ်ဆယ်ရေးလုပ်ငန်းမှ သတင်းထုတ်ပြန်သည်။

အလာဘားမားနှင့် မောင့်ဇိုမာရီ မြို့တို့တွင် နေအိမ်နှင့်အဆောက်အအုံများ ပြိုကျပျက်စီးသွားပြီး ကလေးငယ်နှစ်ဦးလည်း ဒဏ်ရာရရှိခဲ့သည်ဟု ဆိုသည်။

ထို့အတူ စီးပွားရေးလုပ်ငန်းများနှင့် နေအိမ်အများအပြားလည်း လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုနှင့်ကြုံတွေ့ခဲ့ရကြောင်း အေပီသတင်းဌာနမှ ထုတ်ပြန်သော သတင်း၌ဖော်ပြထားသည်။

**အမ်အင်အေ၊ဆင်ဟွာ**



အမေရိကန်နိုင်ငံ နယူးဂျာစီ ပြည်နယ်၌ လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် ပျက်စီးသွားသော မော်တော်ယာဉ်များကို နိုဝင်ဘာ၁၇ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

# အမေရိကန်သမ္မတဘုရှ် လာရောက်မှု အင်ဒိုနီးရှားပြည်သူများ ကန့်ကွက်

ဂျကာတာ နိုဝင်ဘာ ၁၉

**အမေရိကန်သမ္မတဘုရှ် အင်ဒိုနီးရှားနိုင်ငံသို့ အလည်အပတ်လာရောက်မှုအတွက် နိုဝင်ဘာ ၁၇ရက်နေ့က နိုင်ငံ၏ဒေသအချို့မှ ပြည်သူများ ကန့်ကွက်ခဲ့ကြသည်။**

အမေရိကန် သမ္မတဘုရှ်သည် ဂျကာတာမြို့ တောင်ဘက် ကီလိုမီတာ ၅၀ခန့်အကွာ ဘိုဂါမြို့၌ အင်ဒိုနီးရှားသမ္မတဆူဆီလိုဘမ်ဘန်းယူဒိုယိုနိုနှင့် နိုဝင်ဘာ ၂၀ရက်တွင် တွေ့ဆုံမည်ဖြစ်သည်။ ခေါင်းဆောင်နှစ်ဦးတွေ့ဆုံစဉ် ကျန်းမာရေးနှင့် ပညာရေးကိစ္စများကို ထိပ်မှ ဆွေးနွေးမည်ဟု ယူဆရသည်။

**ဆက်လက်ဆောင်ရွက်**

သမ္မတ ဘုရှ်က ဒေသတွင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ကြိုးပမ်းမှုနှင့် အင်ဒိုနီးရှားနိုင်ငံက အဓိက လုပ်ဖော်ကိုင်ဖက်အဖြစ် ဆက်လက်ဆောင်ရွက်ရန် တိုက်တွန်းမည့် လက္ခဏာရှိသည်ဆို၏။

**ကိုင်ဆောင်**

ကန့်ကွက်ဆန္ဒပြသူများက ဘိုဂါမြို့တွင် စုရုံးရောက်ရှိပြီး ကန့်ကွက်သည့် ဆိုင်းဘုတ်များကို ကိုင်ဆောင်ထားကြသည်။

**ဝေဖန်**

အင်ဒိုနီးရှားနိုင်ငံ မြို့ကြီးသုံးလေးမြို့တွင် ဆန္ဒပြသမားများ ကန့်ကွက်ပြောဆိုရာ၌ အမေရိကန်သမ္မတဘုရှ်အားလည်းကောင်း၊ အရှေ့အလယ်ပိုင်းမှ အမေရိကန်၏ မူဝါဒသဘောထားများကိုလည်းကောင်း ဝေဖန်ပြစ်တင်ကြသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# ဘဂ္ဂဒက်မြို့လယ် ကော်ဖီဆိုင်၌ စားသုံးသူများ ပြန်ပေးဆွဲခံရ

**ဘဂ္ဂဒက် နိုဝင်ဘာ ၁၉**

ဘဂ္ဂဒက်မြို့လယ် ကော်ဖီဆိုင်၌ နိုဝင်ဘာ၁၆ရက်က သေနတ်သမားများက ဝင်ရောက်ကာ စားသုံးသူ ၁၅ ဦးခန့်ကိုပြန်ပေးဆွဲသွားကြောင်း အီရတ်ပြည်ထဲရေးဝန်ကြီးဌာန သတင်းပေးပို့ချက်အရ ဆင်ဟွာသတင်း၌ ဖော်ပြသည်။

**ဖြစ်ပွားမှု**

ယင်းဖြစ်ပွားမှုသည် ၎င်းနေ့ည ၉ နာရီ ၁၀ မိနစ်ခန့်က သေနတ်သမားများသည် ဘဂ္ဂဒက်မြို့လယ်ရှိ ကော်ဖီဆိုင်တစ်ဆိုင်သို့ဝင်ရောက်ပြီး စားသုံးသူ ၁၅ဦးခန့်ကို ရုတ်တရက် ဖမ်းဆီးခေါ်ဆောင်သွားကြောင်း အမည်မသိသူတစ်ဦးက သတင်းပေးပို့သည်။

၎င်းဖြစ်ရပ်မတိုင်မီ သုံးရက်ခန့်က ဘဂ္ဂဒက်မြို့လယ်ရှိ အဆောက်အအုံတစ်ခု၌ ရဲတပ်ဖွဲ့ဝင်များ စောင့်ကြပ်နေစဉ် လူ ၁၂ဦးထပ်မံပြန်ပေးဆွဲခံရကြောင်း ဆင်ဟွာသတင်းတစ်ရပ်၌ ဖော်ပြသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# မြန်မာ့အလင်း တစ်ပတ်အတွင်း ကမ္ဘာ့ သတင်းအကျဉ်း

## စုစည်းတင်ပြသူ — မောင်မောင်မြင့်ဆွေ

ကမ္ဘာတစ်ဝန်း သီတင်းတစ်ပတ်အတွင်း ဖြစ်ပျက်ခဲ့သောထူးခြားသတင်းများမှ အချို့ကို မြန်မာ့အလင်း ပရိသတ်အတွက် စုစည်းဖော်ပြလိုက်ပါသည်။

**နိုဝင်ဘာ ၁၃ ရက်**

- အာရှ-ပစိဖိတ်ဒေသအတွင်း အမြန်ရထားလမ်းများ ဖောက်လုပ်ဆက်သွယ်ရေးအတွက် တောင်ကိုရီးယားနိုင်ငံ ဘူဆန်မြို့တွင် အာရှ-ပစိဖိတ်ဒေသမှအရာရှိများ သဘောတူညီလိုက်ကြသည်။ အဆိုပါ သဘောတူညီချက်အရ ဒေသအတွင်း အမြန်ရထားများ ပြေးဆွဲနိုင်မှုကို ကာလတိုအတွင်း အကောင်အထည်ဖော်နိုင်ရန် ကြိုးစားသွားမည်ဖြစ်ကြောင်းသိရသည်။
- ကမ္ဘာ့ဈေးကွက်၌ ရေနံဈေးနှုန်းကျဆင်းနေချိန်နှင့် ရေနံထုတ်လုပ်သောနိုင်ငံများက ရေနံကို ကန့်သတ် ထုတ်လုပ်နေချိန်တွင် ဗင်နီဇွဲလားနိုင်ငံအနေဖြင့် နိုင်ငံ၏ရေနံအရန်သိုလှောင်ထားရှိမှုမှာ ရေနံစည်ပေါင်း ၈၇ ဒသမ ၆၂ ဘီလီယံရှိကြောင်း ဗင်နီဇွဲလားအစိုးရက သတင်းထုတ်ပြန်လိုက်သည်။

**နိုဝင်ဘာ ၁၄ ရက်**

- ကူဝိတ်နိုင်ငံအနေဖြင့် အဲဘတ်စ်အေ ၃၂၀ ခရီးသည် လေယာဉ်ခြောက်စင်း ဝယ်ယူမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်လိုက်သည်။ ထိုလေယာဉ်များမှာ ၂၀၀၅ခုနှစ်က ဝယ်ယူရန် စာချုပ်ထားသည့် အေ၃၅၀ခရီးသည် လေယာဉ်၁၂ စင်းအပြင် နောက်ထပ်ဝယ်ယူ ဖြည့်ဆည်းခြင်းဖြစ်ကြောင်း၊ ထိုသို့ လေယာဉ်များထပ်မံဝယ်ယူရခြင်းမှာ ဒေသအတွင်းနှင့် နိုင်ငံတကာ လေကြောင်းခရီးစဉ်များတွင် ခရီးသည်များ ပိုမိုသယ်ဆောင်ပျံသန်းပေးနိုင်ရန်ဖြစ်ကြောင်း သိရသည်။
- ကမ္ဘာ့ရာသီဥတု ပြောင်းလဲလာမှုကြောင့် ဆယ်စုနှစ် နှစ်စုတာကာလအတွင်း ၄က်မျိုးစိတ်များ ပျက်စီးပျောက်ကွယ်မှုမှာ ၇၂ရာခိုင်နှုန်းခန့်ရှိမည်ဖြစ်ကြောင်း သုတေသနပညာရှင်များက သတိပေးချက်ထုတ်ပြန်လိုက်သည်။



တရုတ်နိုင်ငံ ယီချန်သင်္ဘောကျင်း၌ ရေချထားသော အလေးချိန်တန် ၁၀၀၀၀ရှိသည့် ကုန်တင်သင်္ဘောကြီး တစ်စင်းအား ဤသို့တွေ့ရသည်။ (ဓာတ်ပုံ-အင်တာနက်)

**နိုဝင်ဘာ ၁၅ ရက်**

- အလေးချိန်တန် ၁၀၀၀၀ ရှိသော ကုန်တင်သင်္ဘောကြီးတစ်စင်းကို တရုတ်နိုင်ငံ ယီချန်သင်္ဘောကျင်း၌ စတင်ရေချလိုက်သည်။ အဆိုပါကုန်တင်သင်္ဘောသည် ယီချန်သင်္ဘောကျင်း၏ တန် ၁၀၀၀၀ ကျော် သင်္ဘောကြီးများ တည်ဆောက်ပြီးစီးမှု၏ အစင်း ၂၀မြောက် ဖြစ်သည်။
- ဗီယက်နမ်နိုင်ငံသည် ယခုနှစ်ပထမ ၁၀ လအတွင်း လေကြောင်းခရီးသည်ပေါင်း ၆ ဒသမ ၁သန်းနှင့် ကုန်တန်ချိန် ၁၀၀၈၀၀ သယ်ဆောင်ပေးနိုင်ခဲ့ရာ ယခင်နှစ်ကထက် ခရီးသည် ၁၂ရာခိုင်နှုန်းကျော်နှင့် ကုန်တန်ချိန် ၁၃ ရာခိုင်နှုန်းကျော် ပိုမိုတင်ပို့ပေးနိုင်ခဲ့ကြောင်း ဗီယက်နမ်လေကြောင်းပို့ဆောင်ရေးလုပ်ငန်းက သတင်းထုတ်ပြန်သည်။

**နိုဝင်ဘာ ၁၆ ရက်**

- ပါကစ္စတန်နိုင်ငံက နျူကလီးယားထိပ်ဖူးတပ်ဒုံးကျည်တစ်စင်းကို စမ်းသပ်ပစ်လွှတ်လိုက်သည်။ အဆိုပါဒုံးကျည်စမ်းသပ်ပစ်လွှတ်မှုမှာ အောင်မြင်ကြောင်း၊ ပစ်မှတ်ကို တိုက်ရိုက်ထိမှန်ကြောင်း သတင်းထုတ်ပြန်သည်။
- ကမ္ဘာကြီးပူနွေးလာမှုနှင့် ပင်လယ်ရေ မြင့်တက်လာမှုတို့ကြောင့် ပင်လယ်ကမ်းရိုးတန်းဒေသများတွင် နေထိုင်သူများအနေဖြင့် ရေလွှမ်းမှုဒဏ်ခံရမှုမှာ လာမည့် ၂၀၈၀ ပြည့်နှစ်ခန့်၌ သန်း ၇၀ ခန့်ရှိမည်ဖြစ်ကြောင်း ကုလသမဂ္ဂအစီရင်ခံစာတစ်ရပ်က ဖော်ပြသည်။

**နိုဝင်ဘာ ၁၇ ရက်**

- ကမ္ဘာ့သမုဒ္ဒရာများနှင့် ပင်လယ်ပြင်တို့တွင် ငါးဖမ်းမှုအရှိန်အဟုန်မြှင့်ဆောင်ရွက်နေကြသဖြင့် လက်ရှိနှုန်းအတိုင်း ငါးဖမ်းမှု မပြောင်းလဲပါက လာမည့်နှစ် ၅၀ ခန့်၌ ကမ္ဘာ့ ပင်လယ်ပြင်၌ ငါးများ ရှားပါးပျောက်ကွယ်သွားနိုင်ကြောင်း ကနေဒါ သုတေသနပညာရှင်များက သတိပေးချက်ထုတ်ပြန်လိုက်သည်။



အီဂျစ်နိုင်ငံ၏ နျူကလီးယား စွမ်းအင်ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေသော သုတေသန စက်ရုံလုပ်ငန်းခွင်တစ်နေရာအား တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

- အီဂျစ်နိုင်ငံ၏နျူကလီးယားစွမ်းအင်ဖွံ့ဖြိုးရေးစီမံကိန်းများတွင် တရုတ်နိုင်ငံက ပါဝင်ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း၊ ထိုသို့ပူးပေါင်းဆောင်ရွက်ခြင်းမှာ အီဂျစ်နိုင်ငံသည် နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းစွာ အရပ်ဘက်လုပ်ငန်းများ၌ အသုံးပြုသွားမည့်အစီအစဉ်ကြောင့် ဖြစ်ကြောင်း တရုတ်နိုင်ငံက ပြောကြားသည်။

**နိုဝင်ဘာ ၁၈ ရက်**

- နိုင်ရိုဘီမြို့တွင် ၁၀ရက်ကြာကျင်းပခဲ့သည့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ နိုင်ငံတကာ အစည်းအဝေးပြီးဆုံးခဲ့သည်။ ထိုအစည်းအဝေး၌ တိုကျိုသဘောတူညီချက်တွင် ပါဝင်လက်မှတ်ရေးထိုးထားသော နိုင်ငံပေါင်း၁၆၅နိုင်ငံမှ ကိုယ်စားလှယ်များက ဖန်လုံအိမ်အာနိသင်လျှော့ချရေး၊ အာဖရိက၌ သန့်ရှင်းသော သောက်သုံးရေပိုမိုရရှိရေးတို့အတွက် ရန်ပုံငွေတိုးတက်ဖြစ်ထွန်းရရှိရေးများကို သဘောတူညီခဲ့ကြသည်။
- ရုရှားနိုင်ငံခြားရေးဝန်ကြီးက အီရန်နျူကလီးယားပြဿနာဖြေရှင်းရာတွင် အိုအေအီးအေက ပိုမိုပါဝင်ကာ ဆောင်ရွက်သင့်ကြောင်း တိုက်တွန်းလိုက်သည်။

**နိုဝင်ဘာ ၁၉ ရက်**

- အင်ဒိုနီးရှားနိုင်ငံတွင် နိုဝင်ဘာ ၁၇ ရက်က ပျောက်ဆုံးသွားခဲ့သော တွင်အော်တာလေယာဉ်ကို အင်ဒိုနီးရှားနိုင်ငံ ပါပူရာပြည်နယ်အတွင်း ပြန်လည်ရှာဖွေတွေ့ရှိကြောင်း အင်ဒိုနီးရှားမီဒီယာများက ဖော်ပြသည်။ သို့သော် လေယာဉ်တွင်လိုက်ပါသွားသော လေယာဉ်အမှုထမ်းနှင့် ခရီးသည် ၁၂ ဦးတို့ သေဆုံးသွားကြောင်း၊ မတော်တဆဖြစ်ရပ်ကြောင့် လေယာဉ်ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ (အင်တာနက်)

# ရေနွေးကြမ်း သောက်သုံးခြင်းသည် အယ်ဒိုင်းမားရောဂါဖြစ်ပွားမှုကို ကာကွယ်နိုင်

ရေနွေးကြမ်း သောက်ခြင်းသည် ဦးနှောက်မှတ်ဉာဏ် ချို့ယွင်းမှုကိုကာကွယ်နိုင်ကြောင်းအမေရိကန်သုတေသနပညာရှင်များကပြောကြားလိုက်သည်။

### ကာကွယ်နိုင်

အသက်အရွယ် ကြီးရင့်လာသည့်အခါ ဦးနှောက်အတွင်း ပျက်စီးချို့ယွင်းသွားသော အစိတ်အပိုင်းလေးများနှင့် နာဗ်ကြောလေးများကြောင့် အယ်ဒိုင်းမားရောဂါဖြစ်ပွားရခြင်းဖြစ်ပြီး ရေနွေးကြမ်း နေ့စဉ်ပုံမှန်သောက်သွားပါက ထိုသို့ ဖြစ်ပွားမှုကို ကာကွယ်နိုင်သည်ဟု ၎င်းတို့ကဆိုသည်။

### အထောက်အပံ့

ရေနွေးကြမ်းတွင် ပါဝင်သော ဓာတ်များက ဦးနှောက်အတွင်းရှိ အာရုံခံနာဗ်ကြောများ သန်စွမ်းအားကောင်းမှုကို အစဉ်တစိုက်အထောက်အပံ့ပြုကြောင်း၊ အယ်ဒိုင်းမားရောဂါ ဖြစ်ပွားသူများတွင် ရေနွေးကြမ်းပုံမှန်သောက်သူများ ပါဝင်မှု မရှိသလောက်ဖြစ်ကြောင်း သုတေသနအဖွဲ့ခေါင်းဆောင်ဒေါက်တာ ဂွန်တန်က ပြောကြားသည်။



### ပုံမှန်သောက်သုံးသင့်

ရေနွေးကြမ်းတွင် ဦးနှောက်ကျန်းမာရေးကို အထောက်အကူပြုသော အင်တီအောက်စီဒင့်ဓာတ်များ အများအပြားပါဝင်ပြီး ဦးနှောက်ကို အကျိုးပြုသည့် ဓာတ်များလည်း ပါဝင်ကြောင်း၊ ထို့ကြောင့် ရေနွေးကြမ်းကို နေ့စဉ်ပုံမှန်သောက်သုံးသွားသင့်ကြောင်း အဆိုပါ သုတေသန ပညာရှင်များက အကြံပြုဖော်ပြထားသည်။ **(အင်တာနက်)**

**အင်တာနက် သတင်း**



ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် မီးသတ်ဦးစီးဌာန မြို့နယ်မီးသတ်ဦးစီးမှူး ဦးရဲမင်းထွန်း ဦးဆောင်သော တပ်ဖွဲ့ဝင်များ၊ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ တပ်ရင်းမှူး ဦးခင်မောင်ထွန်းနှင့် တပ်ခွဲမှူးများ၊ အရန်တပ်ဖွဲ့ဝင်များနှင့်းဆီကုန်း(က)ရပ်ကွက် အဖွဲ့ဝင်များ စုပေါင်းပါဝင်သောအဖွဲ့သည် နိုဝင်ဘာ ၁၈ရက်က နှင်းဆီကုန်း(က)ရပ်ကွက်တွင်းရှိ လူနေအိမ်များ၊ စက်ရုံအလုပ်ရုံများနှင့် ဦးဘဟန်လမ်း စန်းမိသားစု သစ်ခွဲစက်၌ မီးဘေးကြိုတင်ကာကွယ်ရေး ပစ္စည်းများ ဆောင်ရွက်မှုအခြေအနေတို့ကိုကြည့်ရှုစစ်ဆေးကြစဉ်။ (၀၅၂)

# ညောင်ရိုပ်သာအဓိဋ္ဌာန်တရားစခန်း

**ရန်ကုန် နိုဝင်ဘာ ၁၉**

သာကေတမြို့ ၁၀တောင်ရပ်ကွက် ၁၀၈တောင်စွယ်တော်ရှင်ဘုရားကြီးအနီး ညောင်ရိုပ်သာတရားစခန်းတွင် လယ်တီဆရာတော်ကြီး၏ ကာယနုပဿနာနှင့် ဓာတုမနသိကာရနည်းအတိုင်း ပဓာနနာယက(ငန်းချောင်း) အရှင်ကေသရာဘိဝံသ ဆရာတော်က (ဒီဇင်ဘာ၁၂ရက်)နတ်တော်လပြည့်ကျော် ၈ရက်မှ (ဒီဇင်ဘာ ၁၈ ရက်) လကွယ်နေ့အထိ ခုနစ်ရက် အဓိဋ္ဌာန်တရားစခန်းကို ဟောပြောပြသမည်ဖြစ်သည်။ တရားစခန်းဝင် ရောက်လိုသူများ ဖုန်း-၅၄၇၀၂၅သို့ ကြိုတင်စာရင်းပေး ဝင်ရောက်နိုင်ကြောင်း သိရသည်။ **(က-ပ)**

# အရှင်ဇဝန(ပဲခူး)၏ ဓမ္မသဘင်

**ရန်ကုန် နိုဝင်ဘာ ၁၉**

နယ်လှည့်သာသနာပြုဓမ္မကထိက အရှင်ဇဝန(ပဲခူး)သည် နိုဝင်ဘာ ၂၇ ၊ ၂၈ ရက်တွင် သာကေတ မာဃဓမ္မာရုံ၊ ၂၉ရက်၌ သိပ္ပံလမ်း နှစ်ကျိပ်ရှစ်ဆူ ပူဇော်ပွဲ၊ ၃၀ ရက်တွင် မိတ္ထီလာမြို့၊ ဒီဇင်ဘာ ၂၊ ၃ရက်၌ ရွှေကျင်မြို့ စာပြန်ပွဲ၊ ၁၂ရက်တွင် (ဃ)ရပ်ကွက် နှစ်ကျိပ်ရှစ်ဆူဓမ္မာရုံ၊ ၁၉ရက်တွင် တောင်ဥက္ကလာ(၁၃)ရပ်ကွက်အောင်မြေ လူထုဓမ္မာရုံ၊ ၂၀ရက်၌ မေတ္တာလမ်း ဗိုလ်ထွန်းဇံရပ်ကွက် ဒေါပုံဓမ္မာရုံ၊ ၂၃ရက်တွင် အောင်ရတနာလမ်း အောင်မိသားစု တနင်္လာဆွမ်းလောင်းအသင်း၊ ဇန်နဝါရီ ၁၃၊ ၁၄ ရက်၌ တောင်ဥက္ကလာပ (၅)ရပ်ကွက်သရေခေတ္တရာလမ်း၊ ၂၁ရက်တွင် ညောင်လေးပင်မြို့ ဒေါ်အေးမင်း၏(၅၉)နှစ်ပြည့်မွေးနေ့၊ ၂၄ ရက်တွင် ညောင်လေးပင်မြို့ သရက်ကုန်းကျောင်း မနောသုခဓမ္မာရုံတို့၌ တရားဓမ္မများဟောကြားတော်မူမည်ဖြစ်သည်။ ဆရာတော်နှင့် ဆက်သွယ်လိုလျှင် ရန်ကုန်မြို့ သုဝဏ္ဏ သင်္ဃန်းကျွန်းမြို့နယ် ရန်ကုန်သစ်ရပ်ကွက် စံရိပ်ငြိမ်ကျောင်း ဖုန်း-၀၉-၅၁-၄၄၇၉၈သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

# ရုပ်ရှင်အနုပညာရှင်များ သက်ကြီးရန်ပုံငွေ ငွေပဒေသာပင်စိုက်ထူ လှူဒါန်းပွဲ ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ အလှူငွေများလက်ခံ

ရန်ကုန် နိုဝင်ဘာ ၁၉

**မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ကြီးမှူးကျင်းပသော ရုပ်ရှင်အနုပညာရှင်များ သက်ကြီးရန်ပုံငွေ ငွေပဒေသာပင်စိုက်ထူလှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီခွဲက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဝင်္ကပါလမ်းရှိ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ အလှူငွေများလက်ခံသည်။**

**တက်ရောက်**

အခမ်းအနားသို့ ပြန်ကြားရေး ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ ရုပ်ရှင်သရုပ်ဆောင် အနုပညာရှင်များ၊ အလှူရှင်များ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်းက အမှာစကားပြောကြားပြီး ရုပ်ရှင်အနုပညာရှင်များ သက်ကြီး ရန်ပုံငွေ ငွေပဒေသာပင်စိုက်ထူခြင်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး တွဲဖက်အတွင်းရေးမှူး(၂) ဦးမောင်မောင်ဦးက ရှင်းလင်းပြောကြားသည်။

**ပေးအပ်လှူဒါန်း**

ထို့နောက် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ငွေကျပ် ၃၀၀၀၀၀၀၀၊ မြန်မာ့ရုပ်ရှင်လုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးအောင်မျိုးမြင့်က ငွေကျပ် ၁၀၀၀၀၀၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဝန်ထမ်းမိသားစုက ငွေကျပ် ၁၀၀၀၀၀၊ လပ်ကီးဆဲဗင်း ရုပ်ရှင်ထုတ်လုပ်ရေးမှ ဒေါ်အေးအေးဝင်းက ငွေကျပ်၁၂၀၀၀၀၀၊ ငွေးမြန်မာ ဗီဒီယိုထုတ်လုပ်ရေးမှ ဦးငွေးဝင်းက ငွေကျပ် ၁၀၀၀၀၀၀၊ လပ်ကီးပလေ့ ဗီဒီယိုထုတ်လုပ်ရေးမှ ဦးတင်အောင်က ငွေကျပ်၇၀၀၀၀၀၊ စိမ်းဝါနီရုပ်ရှင်ထုတ်လုပ်ရေးမှ ဒေါ်မြင့်မြင့်ခိုင်က ငွေကျပ် ၅၀၀၀၀၀၊ ဧရာရုပ်ရှင်ထုတ်လုပ်ရေးမှ ဦးလှမင်းက ငွေကျပ် ၅၀၀၀၀၀နှင့် မျိုးရုပ်ရှင်ထုတ်လုပ်ရေးမှ ဒေါ်မျိုးသန္တာထွန်းက ငွေကျပ်၅၀၀၀၀၀တို့ကို ပေးအပ်လှူဒါန်းကြရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

**ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်**

ဆက်လက်၍ သံလွင်ဗီဒီယိုထုတ်လုပ်ရေးမှ ဦးသန့်ဇင်ထွန်း၊ ဖီးနစ်ရုပ်ရှင်ထုတ်လုပ်ရေးမှ ဦးသိန်းဟံ၊ အောင်တိုင်းကျော်ဗီဒီယိုထုတ်လုပ်ရေးမှ ဦးဝင်းထိုက်အောင်၊ ပြည့်ဖြိုးမြတ်ဗီဒီယိုထုတ်လုပ်ရေးမှ ဦးဘုန်းမော်၊ စိန်သရဖူ ရုပ်ရှင်ထုတ်လုပ်ရေးမှ ဦးကျော်ဝဏ္ဏ၊ ဘဲလ်မြန်မာဗီဒီယိုထုတ်လုပ်ရေးမှ ဒေါ်နီနီအောင်၊မင်းဗီဒီယိုထုတ်လုပ်ရေးမှ ဦးမင်းမင်း၊ မျက်ခြယ်ဗီဒီယိုထုတ်လုပ်ရေးမှ ဦးဝင်းနိုင်၊ ရွှေတောင် ရုပ်ရှင်ဗီဒီယိုထုတ်လုပ်ရေးမှ ဦးတင့်ဆွေ၊ ထားဝယ်ရုပ်ရှင် ထုတ်လုပ်ရေးမှ ဦးစိုးသန်း၊ ရွှေသံလွင်ဖြိုး ဗီဒီယိုထုတ်လုပ်ရေးမှ ဦးလှဇင်၊ ရွှေစင်ဦးဗီဒီယိုထုတ်လုပ်ရေးမှ ဦးကျော်လင်းထွန်း၊ ကျော်ရုပ်ရှင်ထုတ်လုပ်ရေးမှဦးကျော်အောင်၊ ကြောင်ကမ္ဘာဗီဒီယိုထုတ်လုပ်ရေးမှ ဦးခင်ဆိုင်၊ ကမ်းထရီးစတား ရုပ်ရှင်ထုတ်လုပ်ရေးမှ ဦးမြအေး၊ ဖိုးဝဗီဒီယိုထုတ်လုပ်ရေးမှ ဦးဖိုးဝ၊ စိန်ငွေးဗီဒီယိုထုတ်လုပ်ရေးမှ ဦးဝင်းကြည်၊ စန္ဒီးဝိုက်ရုပ်ရှင်ဗီဒီယိုထုတ်လုပ်ရေးမှ ဦးမောင်မောင်ဦး၊ မင်္ဂလာကုမ္ပဏီလီမိတက်မှ ဦးဇော်မင်း၊ ဖြိုးနှင့်မင်းရုပ်ရှင်ထုတ်လုပ်ရေးမှ ဒါရိုက်တာ ခတ်ပုံအဏ်ထော်ဏီနှင့် မဏီရွှေစင် ဗီဒီယိုထုတ်လုပ်ရေးမှ ဦးစိုးသိမ်းတို့က အလှူငွေကျပ် ၅၀၀၀၀၀ စီကို ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးကြည်စိုးထွန်း၊ မြန်မာ့ရုပ်ရှင်လုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးအောင်မျိုးမြင့်၊ ဒုတိယဥက္ကဋ္ဌ(၁) ဦးမြင့်စိုး(ခ)ဦးစူဝမ်းနှင့် အတွင်းရေးမှူး ဦးတင်အောင်တို့က လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်းက ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ကြီးမှူး၍ မြန်မာ့ရုပ်ရှင်ပညာရှင်များကို ဂုဏ်ပြုသောအားဖြင့် မြန်မာ့ရုပ်ရှင်နေ့ အထိမ်းအမှတ် မြန်မာ့ရုပ်ရှင်သက်ကြီး ရန်ပုံငွေပဒေသာကပွဲကို နိုဝင်ဘာ ၂၄ ရက်မှ ၂၆ရက်အထိ ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ညစဉ် ၇နာရီမှ စတင်၍ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဝင် အနုပညာရှင်များက ပါဝင်ကပြဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**



**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းထံ ရုပ်ရှင်အနုပညာရှင်များ သက်ကြီးရန်ပုံငွေ ငွေပဒေသာပင်စိုက်ထူရန်အတွက် အလှူငွေများကို ပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

## ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဖွင့်

**နေပြည်တော် နိုဝင်ဘာ ၁၉**

ပြန်ကြားရေး ဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရေး သင်တန်း(အရာရှိ)အမှတ်စဉ်(၁/၂၀၀၆) ဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၃ရက် နံနက် ၁၀နာရီက နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးကိုယ်စား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင် တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။

**တက်ရောက်**

အဆိုပါသင်တန်းဖွင့်ပွဲအခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ သင်တန်းနည်းပြဆရာများနှင့်သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ဝန်ကြီးကိုယ်စား ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်က အမှာစကား ပြောကြားရာတွင် သင်တန်းသားများအနေဖြင့် လုပ်ငန်းဆိုင်ရာကိစ္စရပ်များ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် မည်သည့်အခက်အခဲများ တွေ့ပါစေ ဒူးမထောက် လက်မမြှောက် အောင်မြင်ပြီးမြောက်အောင် လုပ်မည့်ဖွဲ့သတ္တိ၊ အားမာန်ဟူသော စိတ်ဓာတ်ကောင်းများရှိရန်၊ စည်းကမ်းကောင်းမွန်ရန်၊ အလုပ်ထဲတွင် စေတနာကောင်း စိတ်ကောင်းထည့်ပြီး လုပ်ကိုင်ဆောင်ရွက်ရန် စသည့် စွမ်းရည်(၃)ရပ်တို့ ပြည့်စုံအောင် ဖြည့်ဆည်းနေရမည် ဖြစ်ကြောင်း။

**ဆည်းပူးလေ့လာ**

တစ်ဦးချင်းစွမ်းရည် စွမ်းအား မြင့်မားလာခြင်းသည် ပြန်ကြားရေးဝန်ကြီးဌာန၏ စွမ်းဆောင်မှုများ ယခင်ကထက် ပိုမိုတိုးတက်အောင်မြင်လာမည်ဖြစ်သည့်အတွက် ထက်ထက်သန်သန် တက်တက်ကြွကြွဖြင့် သင်တန်းကပို့ချသည်များကို ဆည်းပူးလေ့လာ သွားကြရန် ဖြစ်ကြောင်းဖြင့် မှာကြားသည်။

အဆိုပါ သင်တန်းသို့ ပြည်နယ်နှင့်တိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ရုံးများမှ သင်တန်းသား သင်တန်းသူ၅၃ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ဖြစ်သည်။ **(သတင်းစဉ်)**

## တပ်မတော်(ကြည်း၊ ရေ၊လေ) ဘောလုံးပြိုင်ပွဲ ပထမအဆင့်အုပ်စုပတ်လည်ပြိုင်ပွဲ ဆက်လက်ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၉**

၂၀၀၆ခုနှစ် (၄၅)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ)ဘောလုံးပြိုင်ပွဲ(ပထမ)အဆင့်အုပ်စုပတ်လည်ပြိုင်ပွဲကို သတ်မှတ်ထားသည့်နေရာများ၌ ယနေ့ညနေပိုင်းတွင် ကျင်းပရာ ရန်ကုန်တိုင်းစစ်ဌာနချုပ်အားကစားကွင်း(မင်္ဂလာဒုံ)၌ကျင်းပသော (င)အုပ်စုပြိုင်ပွဲတွင် ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံးအသင်းက အမှတ်(၁၀၁) ခြေမြန်တပ်မဌာနချုပ်အသင်းကို ရှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## အမှတ်(၁)စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော်ဖွင့်လှစ်

**ရန်ကုန် နိုဝင်ဘာ ၁၉**

အမှတ်(၁)စက်မှုဝန်ကြီးဌာနက ထုတ်လုပ်သော ကုန်ပစ္စည်းများကို ပြည်သူလူထုထံသို့ ပစ္စည်းမှန်၊ ဈေးနှုန်းမှန်ဖြင့် ကျယ်ကျယ်ပြန့်ပြန့် တိုက်ရိုက်ရောင်းချနိုင်ရေးရည်ရွယ်ကာ အမှတ်(၁) စက်မှုဝန်ကြီးဌာန အထူး ဈေးရောင်းပွဲတော်ကို ပခုက္ကူမြို့ မြို့မ အားကစားကွင်း၌ နိုဝင်ဘာ၉ရက်မှ ၂၃ရက်အထိ လည်းကောင်း၊ မုံရွာမြို့ တိုင်းအားကစားကွင်း၌ နိုဝင်ဘာ၁၂ ရက်မှ ၂၆ရက်အထိ လည်းကောင်း ဖွင့်လှစ်ရောင်းချလျက်ရှိပြီး ရန်ကုန်မြို့ စက်မှု(၁)ဗဟန်းအိမ်ရာဝင်း၌ နိုဝင်ဘာ ၂၂ရက်မှ ဒီဇင်ဘာ ၁ရက်အထိ လည်းကောင်း နေ့စဉ် နံနက် ၈နာရီမှ ညရနာရီအထိဖွင့်လှစ်ရောင်းချသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ဖလားဝါးနယူးစ်ဂျာနယ်အတွဲ(၂)၊အမှတ်(၄၆)ဖြန့်ချိ

**ရန်ကုန် နိုဝင်ဘာ ၁၉**

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၄၆)တွင် ကိုကို(စက်မှုတက္ကသိုလ်)၏ကိုရီးယားခရီးသွားဆောင်းပါး(လေဆိပ်ထဲက မာရသွန်ပွဲ)၊ မစ္စတာဂမ်ဘာရီသံတမန်ခရီးစဉ်ပြီးဆုံး၊ ဘိုပတ်က ကန်ဒေါ်လာ၁၂ဒသမ၃သန်း မြန်မာသို့ ထုတ်ချေး ဆီထွက်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး လုပ်ဆောင်သွားရန်ဖြစ်၊ သုဝဏ္ဏဘုမ္မိလေယဉ်ကွင်း တိုးချဲ့ဆောက်လုပ်ရေး စီမံကိန်းအတွက် မြန်မာလုပ်သားတစ်သောင်းခေါ်ယူမည် ကျွမ်းကျင်အဆင့် တစ်နေ့ဘတ်ငွေ ၂၅၀ရရှိမည်ဖြစ် စသည့်ပြည်တွင်းရေးရာ သတင်းဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

ကုလသမဂ္ဂရာထူး လက်ခံရန် မစ္စတာဘန်ကီမွန်း တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးဌာနတွင်နှုတ်ဆက်၊ တောက်ပလာတော့မယ့် အင်္ဂလန်ကြယ်ပွင့်သစ် စပါးကွင်းလယ်ကစားသမား အာရွန်လန်နွန်၊ တရုတ်နိုင်ငံမြို့ပြအလုပ်လက်မဲ့ ၂၀၁၀ ပြည့်၌ ဆယ်သန်းဖြစ်လာနိုင်၊ ထိုင်းပြည်သူ့ အမျိုးသားညီလာခံအတွက် သတင်းစာဆရာ ၁၃ဦးရွေးချယ်ထားပြီ စသည့် နိုင်ငံတကာရေးရာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေးနှင့် အားကစားကဏ္ဍ စုံလင်စွာကို e-Empire Media House က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။ **(သတင်းစဉ်)**

## ခရမ်းမြို့နယ် ငါးလုပ်ငန်းအသင်းဖွဲ့စည်း

**ရန်ကုန် နိုဝင်ဘာ ၁၉**

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့ ဖြဟ္မာစိုရ်ခန်းမတွင် အောက်တိုဘာ၂၅ ရက် နံနက်က ရန်ကုန်တိုင်း ငါးလုပ်ငန်းအဖွဲ့ချုပ်က ကြီးမှူးပြီး မြို့နယ် ငါးလုပ်ငန်းအသင်း ဖွဲ့စည်း တာဝန်ပေးအပ်ပွဲ အခမ်းအနား ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းဦးက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဟန်ထွန်းက ငါးလုပ်ငန်းအဖွဲ့ချုပ်၏ ဦးတည်ဆောင်ရွက်မှုနှင့် သားငါးမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုများကိုလည်းကောင်း၊ ရန်ကုန်တိုင်း ငါးလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမိုးသွင်က ငါးမွေးမြူရေးအသင်းများ တိုးချဲ့ဖွဲ့စည်းနိုင်ရေးနှင့်သားငါးမွေးမြူရေးကုန် ထုတ်လုပ်ငန်းများ အရှိန်အဟုန်မြင့် မွေးမြူဆောင်ရွက်နိုင်ရေးများကိုလည်းကောင်း၊ ရန်ကုန်တိုင်း ငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးသန်းလွင်က ရန်ကုန်တိုင်းအတွင်း ငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်း ဖွဲ့စည်းဆောင်ရွက်မှုနှင့် ငါးမွေးမြူရေးလုပ်ငန်းရှင်များ တိုးတက် များပြားလာသည်နှင့် အညီ နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံးအတွက် သားငါးမွေးမြူရေးကုန်ထုတ်စွမ်းအားများ ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်ပေးစွမ်းနိုင်ရေးများကိုလည်းကောင်း အသီးသီး ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရမ်းမြို့နယ် ငါးလုပ်ငန်းအသင်း အမှုဆောင်အဖွဲ့ ရွေးချယ်တင်မြှောက်ရာ ဥက္ကဋ္ဌ ဦးအေးကို၊ ဒုတိယဥက္ကဋ္ဌ(၁)ဦးစိုးတင်၊ ဒုတိယဥက္ကဋ္ဌ(၂) ဦးတင်ဝင်း၊ အတွင်းရေးမှူး ဦးမောင်မောင်သန့်၊ တွဲဖက်အတွင်းရေးမှူး(၁) ဦးတင်သိန်း၊ တွဲဖက်အတွင်းရေးမှူး(၂)ဦးမြင့်နိုင်၊ ဘဏ္ဍာရေးမှူး ဦးခင်တိုး၊ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမြင့်ကြည်တို့ပါဝင်သော အလုပ်အမှုဆောင်အဖွဲ့ ၁၆ဦးကို ရွေးချယ်တာဝန်ပေးခဲ့သည်။

**ကျေးဇူးတင်စကား**

ယင်းနောက်ခရမ်းမြို့နယ် ငါးလုပ်ငန်းအသင်း ရန်ပုံငွေအဖြစ် အလှူရှင်အသီးသီးတို့က ငွေကျပ်သိန်း ၂၀ ကို ပေးအပ်လှူဒါန်းကြပြီး မြို့နယ် ငါးလုပ်ငန်းအသင်းဥက္ကဋ္ဌဦးအေးကိုက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

**ခရမ်းမြို့ ဗြဟ္မာစိုရ်ခန်းမတွင် အောက်တိုဘာ ၂၅ရက်က ကျင်းပသော မြို့နယ်ငါးလုပ်ငန်းအသင်း ဖွဲ့စည်းတာဝန်ပေးအပ်ပွဲ အခမ်းအနားတွင်အသင်းဝင်များမှ အလှူငွေများထည့်ဝင်လှူဒါန်းရာ ရန်ကုန်တိုင်းငါးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးသန်းလွင်က လက်ခံယူစဉ်။** (သတင်းစဉ်)








**နိုဝင်ဘာ ၁၈ရက်က Sky Lion Trading Co., Ltd. ၏ မိသားစုတွေ့ဆုံပွဲတွင် Tianshi Group ဥက္ကဋ္ဌ မစ္စတာလီကျင်းယွမ် အမှာစကားပြောကြားစဉ်။**
(သတင်းဖော်ပြပြီး) (သတင်းစဉ်)

# အမှတ်(၁)စက်မှုဝန်ကြီးဌာန လုပ်ငန်းဆောင်ရွက်မှုသုံးသပ် ကုန်ထုတ်လုပ်မှုရည်မှန်းချက်အောင်မြင်ရေးညှိနှိုင်းစည်းဝေး

နေပြည်တော် နိုဝင်ဘာ ၁၉

**အမှတ်(၁) စက်မှုဝန်ကြီးဌာနမှ ကြီးမှူးဖွင့်လှစ်သော ရုံးသုံးကွန်ပျူတာ အခြေခံသင်တန်းအမှတ်စဉ်(၃/၂၀၀၆) (နေပြည်တော်) သင်တန်းဖွင့်ပွဲကို နိုဝင်ဘာ ၁၈ ရက်တွင် နေပြည်တော်ရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန စက်မှုညွှန်ကြားရေးဦးစီးဌာန သင်တန်းခန်းမ၌ ကျင်းပရာ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။**

အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၅၁ ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ငါးပတ်ဖြစ်ကြောင်း သိရသည်။

## လုပ်ငန်းညှိနှိုင်း

ယင်းနောက် ဝန်ကြီး ဦးအောင်သောင်းသည် အမှတ်(၁)စက်မှုဝန်ကြီးဌာန သင်တန်းခန်းမ၌ ကျင်းပသော အမှတ်(၁)စက်မှုဝန်ကြီးဌာန လုပ်ငန်းဆောင်ရွက်မှုသုံးသပ်ချက်နှင့် ကုန်ထုတ်လုပ်မှု ရည်မှန်းချက် အောင်မြင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

ရှေးဦးစွာ ဝန်ကြီး ဦးအောင်သောင်းက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာ့စက်မှုလုပ်ငန်းများ၏ လုပ်ငန်းဆောင်ရွက်ချက်များအပေါ် သုံးသပ်ချက်ကို မြန်မာ့စက်မှုလုပ်ငန်းများမှ သုံးသပ်တင်ပြကြရာ မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း၊ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်း၊ မြန်မာ့အထည်အလိပ်လုပ်ငန်းနှင့် မြန်မာ့စားသောက်ကုန်လုပ်ငန်းတို့မှ စက်ရုံမှူးအသီးသီးက မိမိတို့ စက်ရုံများ၏ ကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

## ရှင်းလင်းတင်ပြ

ဆက်လက်၍ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်းမှ စက်ရုံမှူးများကလည်းကောင်း၊ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်းမှ စက်ရုံမှူးများကလည်းကောင်း မိမိတို့စက်ရုံများ၏ ကဏ္ဍအလိုက် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အသီးသီး ရှင်းလင်းတင်ပြကြသည်။

ဝန်ကြီးက စက်ရုံမှူးများ၏ တင်ပြချက်များအပေါ် ဖြည့်ဆည်းပေးပြီး ညှိနှိုင်းအစည်းအဝေး ပထမနေ့ အစီအစဉ်ကို ညနေပိုင်းတွင် ရုပ်သိမ်းသည်။

ညှိနှိုင်းအစည်းအဝေးကို ဒုတိယနေ့အဖြစ် ယနေ့နံနက် ၇ နာရီတွင် ဆက်လက်ကျင်းပရာ စက်ရုံမှူးများ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က ကုန်ထုတ်လုပ်မှု လုပ်ငန်းများနှင့် ဆက်လက် ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ အသီးသီး ရှင်းလင်းတင်ပြကြသည်။

## ဆွေးနွေးမှာကြား

ဆက်လက်၍ ဝန်ကြီးက တင်ပြချက်များနှင့်ပတ်သက်၍ လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ လိုအပ်သည်များကို အသေးစိတ် ဆွေးနွေးမှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာ (မူလကျောင်းဟောင်း အနောက်ဘက်) တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် မိခင်ကြီး ဒေါ်မကြီးအား အမှူးထား၍ မွန်ပြည်နယ် မုဒုံမြို့ ဘိုတဲရပ် ရှင်အရဟံလမ်း အမှတ် ၃၅ နေ ဦးအုန်းသော်–ဒေါ်ခင်လေး၊ သား သမီး မြေးတစ်စု၊ ငြိမ်းစန္ဒာဘော်ဒါဆောင်မိသားစုက အလှူငွေကျပ် တစ်သိန်းတစ်သောင်းတစ်ထောင့်တစ်ရာတစ်ဆယ့်တစ်ကျပ်ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့်(ဂမုန်းပွင့်–ဘေးလမ်း)အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်ကုသလ M.A ထံ ဆက်ကပ်လှူဒါန်းစဉ်။** (က–ပ)

# တန့်ကြည့်တောင်ဝိပဿနာရိပ်သာ(ပုဂံ) အဓိဋ္ဌာန်ပွဲကျင်းမည်

**ရန်ကုန် နိုဝင်ဘာ ၁၉**

အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ တန့်ကြည့်တောင်ဆရာတော်ကြီးသည် ဝိပဿနာ ခုနစ်ရက်အဓိဋ္ဌာန်ပွဲ သုံးပတ်ကို ဤလ္လသိပညဒေဝဂုရ တန့်ကြည့်တောင်ဝိပဿနာရိပ်သာ(ပုဂံ)၌ ပထမပတ် ဒီဇင်ဘာ ၁ ရက်မှ ၈ ရက်၊ ဒုတိယပတ် ဒီဇင်ဘာ ၉ ရက်မှ ၁၆ ရက်၊ တတိယပတ် ဒီဇင်ဘာ ၁၇ ရက်မှ ၂၄ ရက်အထိ ဟောကြားပြသမည်ဖြစ်သည်။ အဓိဋ္ဌာန်ဝင်အားထုတ်လိုသူများသည် အဓိဋ္ဌာန်ပွဲမစမီ တစ်ရက်ကြိုတင် ရောက်ရှိရမည်ဖြစ်ပြီး ဖုန်း–၀၉–၈၀–၅၁–၅၀၉၇၈(ပုဂံ)၊ ၀၂–၅၄၆၄၅ (မန္တလေး)နှင့် ၀၁–၆၃၈၀၈၈ (ရန်ကုန်)တို့သို့ ကြိုတင်ဆက်သွယ်စာရင်းပေးနိုင်ကြောင်း သိရသည်။ **(က–ပ)**

# ပြည်သူများ အားကိုးလာစေရေးကြိုးစားဆောင်ရွက် လူမှုရေးအဖွဲ့များနှင့် ဆေးရုံကြီးကြပ်ရေးကော်မတီ ပူးပေါင်း ကျေးလက်ဒေသကျန်းမာရေးလုပ်ငန်းများ ကူညီဖြည့်ဆည်း

နေပြည်တော် နိုဝင်ဘာ ၁၉

**ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်သည် ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ဝင်းမောင်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းအောင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် နိုဝင်ဘာ ၁၇ ရက် နံနက်ပိုင်းတွင် လယ်ဝေးမြို့နယ် အေလာတိုက်နယ်ဆေးရုံသို့ ရောက်ရှိသည်။**

## ဖြည့်ဆည်းဆောင်ရွက်

အေလာ တိုက်နယ်ဆေးရုံ၌ လယ်ဝေးမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူးနှင့် တိုက်နယ် ကျန်းမာရေးဝန်ထမ်းများက ဆေးရုံလုပ်ငန်း ဆောင်ရွက်နေမှုကို တင်ပြရာ ဝန်ကြီးက ဆေးရုံကို ဒေသခံပြည်သူများ အားကိုးလာစေရေး ကြိုးစားဆောင်ရွက်ရန်၊ ဆေးဝါးများ မပြတ်လပ်စေရေးနှင့် ဆေးရုံဝန်းကျင် စိမ်းလန်း သန့်ရှင်းရေးတို့ကို မှာကြား၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဆက်လက်ထွက်ခွာလာရာ ပဲခူးတိုင်း(အရှေ့) ရေတာရှည်မြို့နယ် ရေနီ ကျေးလက်ကျန်းမာရေးဌာနသို့ရောက်ရှိပြီး ဝန်ကြီးက ငှက်ဖျားရောဂါ၊ တီဘီရောဂါနှင့် အေအိုင်ဒီအက်စ်ရောဂါများ အပါအဝင် ကူးစက်ရောဂါများကို ကာကွယ်နှိမ်နင်းရေး ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဆက်လက်ထွက်ခွာလာရာ ဆွာတိုက်နယ်ဆေးရုံသို့ ရောက်ရှိ၍ ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုကာ ဆေးရုံ ကြီးကြပ်ကော်မတီဝင်များ၊ အစိုးရမဟုတ်သော လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံပြီး ကျေးလက်ကျန်းမာရေး ဆောင်ရွက်မှုလုပ်ငန်းများကို ပူးပေါင်းကူညီ ဆောင်ရွက်ပေးရေး မှာကြားသည်။

## ကြည့်ရှုစစ်ဆေး

ဝန်ကြီးနှင့်အဖွဲ့သည် ဆက်လက်ထွက်ခွာခဲ့ရာ တောင်ငူဆေးရုံကြီးသို့ ရောက်ရှိ၍ ဆေးရုံ၌ ဆောက်လုပ်ဆဲ နား၊ နှာခေါင်း၊ လည်ချောင်း အဆောင်၏ တည်ဆောက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဆေးရုံအတွင်း လူနာဆောင်များနှင့် ဓာတ်ခွဲခန်း၊ ဓာတ်မှန်ခန်း၊ သွားဆေးကုခန်းများကို လှည့်လည် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ဆက်လက်ထွက်ခွာလာရာ အုတ်တွင်းမြို့နယ်ဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုကာ မွေးဆိပ်ဖြေဆေးအပါအဝင် ဆေးဝါးများ မပြတ်လပ်စေရေး၊ ဆေးရုံသန့်ရှင်းရေးတို့ကို မှာကြားသည်။

ဆေးရုံ၌ ကျန်းမာရေး ကော်မတီဝင်များ၊ အစိုးရမဟုတ်သော လူမှုရေးအသင်းအဖွဲ့များနှင့် ဝန်ထမ်းများအား တွေ့ဆုံပြီး ကျန်းမာရေးလုပ်ငန်းများ၊ အထူးသဖြင့် အမျိုးသားရေးအသွင်ဖြင့် ဆောင်ရွက်နေသည့် လုပ်ငန်းများတွင် ဝိုင်းဝန်းကူညီ ဆောင်ရွက်ကြရေးနှင့် ဆေးရုံတိုးတက်ရေးအတွက် အားပေးကူညီနိုင်ရေး ဆွေးနွေးမှာကြားသည်။

ယင်းနောက် ညောင်ခြေထောက်တိုက်နယ်ဆေးရုံသို့ လည်းကောင်း၊ ဇေယျာဝတီတိုက်နယ်ဆေးရုံသို့ လည်းကောင်း ရောက်ရှိပြီး လူနာခန်းများ၊ မွေးခန်းနှင့် ခွဲစိတ်ခန်းများကို လှည့်လည် စစ်ဆေးသည်။

ဆက်လက်၍ ပဲနွယ်ကုန်းတိုက်နယ် ဆေးရုံနှင့် မဒေါက် တိုက်နယ် ဆေးရုံတို့သို့ ရောက်ရှိပြီး နယ်မြေခံ တပ်နယ်မှ တပ်မတော်အရာရှိကြီးများနှင့်အတူ ဆေးရုံအတွင်း လှည့်လည် စစ်ဆေးသည်။

## ဆွေးနွေးမှာကြား

ထို့နောက် ရွှေကျင်မြို့နယ် ဆေးရုံ (ခုတင် ၁၀၀)သို့ ရောက်ရှိပြီး ဆေးရုံအတွင်း ဆောက်လုပ်ပြီးစီးသည့် ဝန်ထမ်းအိမ်ရာများကို ကြည့်ရှုပြီး ဆေးပဒေသာပင် ရန်ပုံငွေတိုးမြှင့်ရရှိရေး၊ အထူးကုဆရာဝန်ကြီးများ ကွင်းဆင်းဆောင်ရွက်ရေးအပါအဝင် လိုအပ်သည်များ မှာကြားသည်။ ယင်းနောက် ညောင်လေးပင်ဆေးရုံသို့ ညနေပိုင်းတွင် ရောက်ရှိပြီး လူနာဆောင်များကို လှည့်လည်ကြည့်ရှုကာ လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

## ဖြည့်ဆည်း

ဝန်ကြီးနှင့်အဖွဲ့သည် နိုဝင်ဘာ ၁၈ ရက်တွင် ကျောက်တံခါးမြို့နယ်ဆေးရုံသို့ရောက်ရှိပြီး လူနာဆောင်များ၊ ဓာတ်မှန်ခန်းနှင့် သွားဆေးကုခန်းတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် ဆက်လက်ထွက်ခွာလာရာ ကညွတ်ကွင်း တိုက်နယ်ဆေးရုံ၊ ညောင်ပင်သာ တိုက်နယ်ဆေးရုံနှင့် ဖြူးမြို့နယ်ဆေးရုံများသို့ ရောက်ရှိကာ လူနာခန်း၊ ဆေးသိုလှောင်ခန်းတို့ကို လှည့်လည်စစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။ ယင်းနောက် ရေတာရှည် ဆေးရုံသို့ရောက်ရှိပြီး ဆေးရုံအတွင်း လူနာဆောင်များ၊ ဓာတ်ခွဲခန်း၊ ဓာတ်မှန်ခန်း၊ သွားကုသခန်းနှင့် ဆေးရုံကြက်ဆူပင်စိုက်ခင်းများကို လှည့်လည်စစ်ဆေးကာ လိုအပ်သည်များ မှာကြား ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# ခိုင်ခိုင်ကုမ္ပဏီလီမိတက်ဖွင့်ပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၉

**ခိုင်ခိုင်ကုမ္ပဏီလီမိတက် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ရွှေပြည်သာမြို့နယ်ရှိ အမှတ် ၈၀ သာခုကန်စက်မှုဇုန် ၃/၄ ရှိ အဆိုပါကုမ္ပဏီလီမိတက် ရှေ့မျက်နှာစာ၌ ကျင်းပသည်။**

ကုမ္ပဏီဖွင့်ပွဲ အခမ်းအနားသို့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ သံမှူး Mr. Yu Boren၊ ခိုင်ခိုင်ကုမ္ပဏီ ဥက္ကဋ္ဌ Mr. Yu Jian Chen နှင့် အဖွဲ့ဝင်များ၊ ဖုကျိုးအသင်း ဥက္ကဋ္ဌ ဦးမောင်မောင်နှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း၊ ခိုင်ခိုင်ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ Mr. Yu Jian Chen နှင့် တာဝန်ရှိသူများက ခိုင်ခိုင်ကုမ္ပဏီကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် ခိုင်ခိုင်ကုမ္ပဏီဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးသည်။

## ရှင်းလင်း

ယင်းနောက် ကုမ္ပဏီဖွင့်ပွဲအခမ်းအနားကို စက်ရုံအတွင်း၌ ကျင်းပရာ ခိုင်ခိုင်ကုမ္ပဏီဥက္ကဋ္ဌ Mr. Yu Jian Chen က စက်ရုံနှင့် စပ်လျဉ်းပြီး ထုတ်လုပ်သည့် ပစ္စည်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့် ဖုကျိုးအသင်း ဥက္ကဋ္ဌတို့က အမှာစကား အသီးသီး ပြောကြားကြသည်။

## ကြည့်ရှု

ယင်းနောက် မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် ခိုင်ခိုင်ကုမ္ပဏီမှ ကားထုတ်လုပ်မည့် စက်ရုံအတွင်းရှိ စက်ပစ္စည်းများကို လည်းကောင်း၊ ဘိုင်အိုဒီဇယ်ထုတ်လုပ်မည့် စက်ရုံနှင့် သံမဏိစက်ရုံအတွင်း လှည့်လည်ကြည့်ရှုကြသည်။ **(အပေါ်ပုံ)**

အဆိုပါ ခိုင်ခိုင်ကုမ္ပဏီမှ ထုတ်လုပ်သော ကုန်ပစ္စည်းများကို မှာယူလိုလျှင် အမှတ် ၈၀ သာခုကန်စက်မှုဇုန် ၃/၄ ရွှေပြည်သာမြို့နယ် ဖုန်း–၀၉၅၁–၂၄၉၉၁ နှင့် ၀၉၅၁–၇၀၁၆၈ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**



**ပေးအပ်**

**၁၉၆၈ ခုနှစ် ရန်ကုန်တက္ကသိုလ် ဥပဒေပညာဌာန ကျောင်းသားကျောင်းသူများ၏ သတ္တမအကြိမ် အာစရိယပူဇော်ပွဲကိုနိုဝင်ဘာ ၁၁ ရက်က ကမာရွတ်မြို့နယ်ရှိ တက္ကသိုလ်များဓမ္မာရုံ၌ကျင်းပရာ ကျောင်းသားကျောင်းသူဟောင်းများက အပူဇော်ခံ ဆရာ ဆရာမကြီးများထံ ကန်တော့လက်ဆောင်ပစ္စည်းများ ပေးအပ်ကြစဉ်။** (မြန်မာ့အလင်း)

■ **ရှေ့ဖုံးမှ**

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက သိရှိလိုသည်များကို မေးမြန်း၍ လိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်စီမံဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာ၌ နိုင်ငံတော်မှ ဧရာဝတီတိုင်းအပါအဝင် တစ်နိုင်ငံလုံး ဖွံ့ဖြိုးတိုးတက်စေရန် နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်း၊ ဖွံ့ဖြိုးရေးဒေသကြီး (၂၄)ခု စီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

## ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်

ဧရာဝတီတိုင်းတွင်ပုသိမ်၊မအူပင်၊ ဟင်္သာတမြို့တို့ကို အထူးဖွံ့ဖြိုးရေးဒေသ သတ်မှတ်ပြီး ဆေးရုံကြီးများ၊ တက္ကသိုလ်၊ ကောလိပ်များကို တည်ဆောက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ လမ်းပန်းဆက်သွယ်ရေးအနေဖြင့်လည်း တံတားကြီး ၄၂စင်းကို တည်ဆောက်ပေးခဲ့ကြောင်း၊ မကြာမီကာလတွင် ဖျာပုံတံတားသစ်ကြီး ဖွင့်လှစ်နိုင်တော့မည်ဖြစ်၍ ဖျာပုံ၊ ဘိုကလေး၊ ဒေးဒရဲ၊ ကျိုက်လတ်၊ အမာဒေသတို့သည် တစ်ရှိန်ထိုး ဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ကြောင်း၊ ဧရာဝတီတိုင်းသည် ယခင်က ရေလမ်းခရီးသာ အသုံးပြုနိုင်ရာမှ ယခုအခါ ငပုတောမြို့နယ်နှင့် မော်လမြိုင်ကျွန်းမြို့နယ်တို့မှလွဲ၍ ဧရာဝတီတိုင်းတစ်ခုလုံး ကားလမ်းများကို အသုံးပြုနိုင်ပြီ ဖြစ်ကြောင်း၊ ထိုကဲ့သို့ နိုင်ငံတော်မှ ဧရာဝတီတိုင်းအတွင်း လိုအပ်သလို ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးနေသလို ဘိုကလေးမြို့နယ် အပါအဝင် တိုင်းအတွင်းရှိ ဌာနဆိုင်ရာများနှင့် ဒေသနေပြည်သူများကလည်း အချို့သော မိမိဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် မိမိတို့တတ်နိုင်သည့်ဘက်မှ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း။

ထို့အပြင် ဧရာဝတီတိုင်း၏ ၂၀၀၆-၂၀၀၇ခုနှစ် မိုးစပါးဧက ၃၇ သိန်း၊ နွေစပါးဧက ၁၆သိန်း စိုက်ပျိုးရန် လျာထားချက်ပြည့်မီရေးအတွက် ဘိုကလေးမြို့နယ်အနေဖြင့် သတ်မှတ်ပေးထားချက်နှင့်အညီ ကြိုးပမ်းစိုက်ပျိုးသွားကြစေလိုကြောင်း၊ မွေးမြူရေးကဏ္ဍတွင်လည်း ရေချိုငါးမွေးမြူရေးသာမက ပင်လယ်ကမ်းနီး ကမ်းဝေးငါးဖမ်းလုပ်ငန်းများကိုလည်း အားပေးဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ် (၅)ရပ်အောင်မြင်ရေးအတွက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဆောင်၍ ဌာနဆိုင်ရာအဆင့်ဆင့်ပါဝင်သော ကော်မတီဝင်များကလည်း ကျေးလက်ဒေသအရောက် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း တိုက်တွန်းပြောကြားပြီး တက်ရောက်လာကြသော ဌာနဆိုင်ရာ ဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

## ရှင်းလင်းပြသ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဘိုကလေးမြို့ဆိပ်ကမ်းမှ ရေယာဉ်များဖြင့် ထွက်ခွာခဲ့ကြရာ နံနက် ၁၁နာရီ ၄၅မိနစ်တွင် ဘိုကလေးမြို့နယ် စက်ဆန်းကျေးရွာသို့ ရောက်ရှိကြပြီး ကျေးရွာအခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ Language Lab၊ Computer Aided Instruction၊ Science Lab ခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စောမြင့်နှင့် ကျောင်းအကျိုးတော်ဆောင်များက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ကျောင်းဧည့်ခန်းမ၌ ရပ်မိရပ်ဖများ၊ ကျောင်းအကျိုးတော်ဆောင်များအား တွေ့ဆုံ၍ မေးမြန်းပြီး တာဝန်ရှိသူများနှင့် ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက ကျောင်းပရိဘောဂများ ဖြည့်တင်းရန်အတွက် အလှူငွေကျပ်နှစ်သိန်းကို ကျောင်းအုပ်ဆရာမကြီးထံ ပေးအပ်လှူဒါန်းသည်။

## ကြည့်ရှုအားပေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် စက်ဆန်းကျေးရွာ ကုန်စုံဆိုင်များ၏ ရောင်းဝယ်ဖောက်ကားမှုအခြေအနေများကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် စက်ဆန်းကျေးရွာ ရဲတပ်ဖွဲ့စခန်းသို့ ရောက်ရှိကြပြီး တပ်ဖွဲ့ဝင်များအားတွေ့ဆုံကာ မှုခင်းကျဆင်းရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို ကြိုးပမ်းဆောင်ရွက်ကြရေး မှာကြားသည်။

## လှည့်လည်ကြည့်ရှု

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ ကျေးရွာမီးလင်းရေးအတွက် စပါးခွံဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံနှင့် ကျေးလက်ကျန်းမာရေးဌာန တို့သို့ လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ရေယာဉ်ဖြင့် ဆက်လက်ထွက်ခွာခဲ့ကြရာ ဘိုကလေးမြို့နယ် မိန်းမလှကျွန်း ဘေးမဲ့တောရှိ ကြောင်ထောက်စခန်းသို့ ရောက်ရှိကြသည်။



**မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် တည်ဆောက်မည့် အိန္ဒိယနိုင်ငံ ပညာသင်မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းဆောင်ကြီး ဆောက်လုပ်ရန်အတွက် အမှတ် ၆၀၃ ခြောက်ထပ် အေးရိပ်သာ ၁လမ်း ရွှေသံလွင်ကွန်ဒို တက္ကသိုလ်ရိပ်သာလမ်း ရန်ကုန်မြို့နေ ဦးကျော်တင့်အောင်-ဒေါ်သင်းသင်းကြိုင်၊ သား မောင်ကောင်းဆက်(၁၃နှစ်ပြည့်မွေးနေ့အလှူ)မိသားစုက ကျောင်းအလှူငွေ ကျပ်တစ်သိန်းကို အမှတ် ၄၂ ဝါးတန်းလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့(အလှူငွေလက်ခံဌာန) ဦးမျိုးသန့်နေအိမ်၌ လှူဒါန်းရာ ကျောင်းအမှုဆောင် ဒေါ်ကေသက်မော် ဖုန်း-၂၂၀၂၄၅ က အလှူငွေလက်ခံပြီး ဆရာတော် ဦးဥက္ကဋ္ဌ(မြစ်ကျိုး)က ဂုဏ်ပြုလွှာ ချီးမြှင့်တော်မူစဉ်။** (က-ပ)

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက မိန်းမလှကျွန်း ဘေးမဲ့တော ရေရှည်တည်တံ့စေရန် ထိန်းသိမ်းစောင့်ရှောက်ရေး မှာကြားပြီး စခန်းအတွင်းရှိ မိကျောင်း မွေးမြူထားရှိမှုနှင့် မိကျောင်းများအား သိပ္ပံနည်းကျ အမှတ်အသား(Marking) ပြုလုပ်ထားရှိမှုကို ကြည့်ရှုသည်။

## ရုပ်ကြွင်းများကြည့်ရှု

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မိန်းမလှကျွန်း ဘေးမဲ့တော ပညာပေးပြခန်းအတွင်း မြန်မာ့လိပ်မျိုးများ၊ ဒီရေတော မြွေမျိုးစိတ်များ၊ ဧရာဝတီလင်းပိုင်များ ကျက်စားမှုနှင့် ရေချိုရေငန် မိကျောင်းခေါင်းတို ရုပ်ကြွင်းများကို လှည့်လည်ကြည့်ရှုကြသည်။

မိန်းမလှကျွန်း ဘေးမဲ့တောသည် ဖျာပုံခရိုင် ဘိုကလေးမြို့၏ တောင်ဘက် ရေမိုင်၁၂မိုင်အကွာတွင် တည်ရှိပြီး ဧရိယာ ၃၃၇၇၉ဧက ကျယ်ဝန်း၍ ဘေးမဲ့တော သဘာဝဝန်းကျင်ကို လှည့်လည်ကြည့်ရှုလေ့လာနိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ရေယာဉ်ဖြင့်ဆက်လက်ထွက်ခွာခဲ့ကြရာ ညနေ၅နာရီခွဲတွင် ဖျာပုံမြို့နယ် အမာမြို့သို့ ရောက်ရှိကြသည်။

## လိုအပ်သည်များမှာကြား

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် အမာမြို့ပြည်သူ့ဆေးရုံ တည်ဆောက်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိကြရာ နေ့ခြည်ထွန်းတောက် ဆောက်လုပ်ရေးကုမ္ပဏီ တာဝန်ခံ အင်ဂျင်နီယာ ဦးသူရညွန့်က ဆေးရုံ၏ အကွက်ချပုံစံကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် အမာမြို့ ရဲတပ်ဖွဲ့စခန်းသို့ သွားရောက်စစ်ဆေးပြီး တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား တွေ့ဆုံမှာကြားကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

## ဝန်ထမ်းများနှင့်တွေ့ဆုံ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် အမာမြို့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ ရောက်ရှိကြပြီး ဌာနဆိုင်ရာဝန်ထမ်းများနှင့် တွေ့ဆုံသည်။

## ရင်းရင်းနှီးနှီးနှုတ်ဆက်

တွေ့ဆုံပွဲတွင်ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက တင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် စီမံဆောင်ရွက်ပေးပြီး အမာမြို့ ပတ်ဝန်းကျင်သည် ပင်လယ်ပြင်နှင့် ဆက်စပ်နေသော ဒေသဖြစ်၍ ကမ်းနီးကမ်းဝေး ငါးဖမ်းလုပ်ငန်းများ ဖွံ့ဖြိုးပြီး စီးပွားရေးကောင်းမွန်သည့်အတွက် တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဖိဖိစီးစီး ကူညီဆောင်ရွက်ပေးရန် လိုကြောင်းပြောကြားပြီး နိုင်ငံတော်မှ ချမှတ်ထားသော စီမံကိန်းနှင့် မူဝါဒများကို အကောင်အထည်ဖော် ဆောင်ရွက်ကြရေးနှင့် ဒေသ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရေး၊ ထိုသို့ဆောင်ရွက်ရာတွင် ဌာနဆိုင်ရာ အချင်းချင်း လက်တွဲ ပူးပေါင်း၍ အောက်ခြေအထိဆင်းပြီး တက်ညီလက်ညီ စုပေါင်းဆောင်ရွက်ကြရေး မှာကြားကာ တွေ့ဆုံပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် တာဝန်ရှိသူများနှင့်အတူ နိုဝင်ဘာ၁၇ရက် နံနက်ပိုင်းတွင် အမာမြို့ ဆိပ်ကမ်းမှထွက်ခွာ၍ ကဒုံကနိကျေးရွာ၏ ပင်လယ်ငါးဖမ်းလုပ်ငန်းများ၊ ငါးပိငါးခြောက် လုပ်ငန်းများ ဆောင်ရွက်မှုကို ရေယာဉ်ပေါ်မှ ကြည့်ရှုကြပြီး နံနက်၈နာရီခွဲတွင် ဖျာပုံမြို့နယ် ဧရာကျေးရွာသို့ ရောက်ရှိကြသည်။

## ဖွံ့ဖြိုးတိုးတက်မှုကြည့်ရှု

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဧရာကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ရွာလယ်လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ဧရာကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲသို့ သွားရောက်ကြပြီး ကျေးလက် ကျန်းမာရေးဌာနခွဲ၏ လိုအပ်ချက်များကို ကြည့်ရှုစစ်ဆေးမေးမြန်းကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ဧရာကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းမှ ဆရာ ဆရာမများ၊ ရပ်မိရပ်ဖများအား တွေ့ဆုံ၍ ဧရာကျေးရွာနှင့် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများ၏ ပညာရေးအခြေအနေများကို မေးမြန်းပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

## စိုက်ပျိုးရေးလုပ်ငန်းများကြည့်ရှု

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဧရာကျေးရွာဆိပ်ကမ်းမှ ရေယာဉ်ငယ်ဖြင့် ထွက်ခွာခဲ့ကြရာ နံနက် ၁၁နာရီတွင် လပွတ္တာမြို့နယ် အမတ်ကြီးကျေးရွာသို့ ရောက်ရှိကြပြီးကျေးရွာ၏ ဉယျာဉ်ခြံမြေ လုပ်ငန်းနှင့် လယ်ယာစိုက်ပျိုးရေး လုပ်ငန်းများကို ရွာလယ်လမ်းမကြီးတစ်လျှောက် လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် အမတ်ကြီးကျေးရွာ ဆိပ်ကမ်းမှ ရေယာဉ်ဖြင့် ပိုလောင်းကျေးရွာသို့ ရောက်ရှိကြပြီး ဆက်လက်ထွက်ခွာခဲ့ကြရာ ညပိုင်းတွင် ဘိုကလေးမြို့သို့ ရောက်ရှိကြသည်။ **(သတင်းစဉ်)**



**နိုဝင်ဘာ ၁၉ရက်က အာဆီယံသတင်းစာဆရာများ၏ မလေးရှားနိုင်ငံ လေ့လာရေးခရီးစဉ်အဖြစ် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ညွှန်ကြားရေးမှူး(သတင်း) ဦးဝင်းတင်(သီဟအောင်)နှင့် စာပေဗိမာန် စာတည်းမှူးချုပ် ဦးမောင်လှိုင်(မောင်ဆွေငယ်)တို့ မလေးရှားနိုင်ငံသို့ထွက်ခွာရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။** (သတင်းစဉ်)

# မဟာဇေယျအတုလမာရဇိန် ကြေးသွန်းဘုရား (၉၂)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်

**ရန်ကုန် နိုဝင်ဘာ ၁၉**

ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ မဟာဇေယျအတုလမာရဇိန် ကြေးသွန်းဘုရားကြီး၏ (၉၂)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို အသံမစဲ မဟာပဋ္ဌာန်းပူဇော်ပွဲ၊ ဂြိုဟ်ရှစ်ခွင်နှင့် ဘုရားပူဇော်နိုင်ရန် တည်ထားပြီးစီးခြင်း အောင်မြင်မှု ရေစက်ချပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို နိုဝင်ဘာ ၂၈ရက်မှ ဒီဇင်ဘာ ၄ရက်အထိ ဓမ္မပူဇာသဘင်များဖြင့် စည်ကားစွာကျင်းပမည်ဖြစ်သည်။

အသံမစဲမဟာပဋ္ဌာန်းပူဇော်ပွဲကို နိုဝင်ဘာ ၂၈ရက်မှ ဒီဇင်ဘာ ၂ရက်အထိလည်းကောင်း၊ ဒီဇင်ဘာ၄ရက် နံနက်၄နာရီတွင် ဗုဒ္ဓါဘိသေက အနေကဇာတင် အရဏ်ဆွမ်းဆက်ကပ်လှူဒါန်းပြီး နံနက် ၁၀နာရီတွင် ဂြိုဟ်ရှစ်ခွင်နှင့် ဘုရားပူဇော်နိုင်ရန် တည်ထားပြီးစီးခြင်းအောင်မြင်မှု ရေစက်ချပွဲနှင့် ညနေ၃နာရီတွင် ဘုရားအမှူးပြုသော ပင့်သံဃာ ၁၂၉ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းပွဲများကျင်းပမည့်အပြင် ညစဉ် ဆီမီး ၃၀၀၀ ထွန်းညှိပူဇော်ပြီး ဝတ်အသင်းအဖွဲ့များက ဝတ်ရွတ်စဉ်များဖြင့် ပူဇော်မည်ဖြစ်သည်။

## ဆက်သွယ်လှူဒါန်းနိုင်

ဓမ္မပူဇာအဖြစ် ဒီဇင်ဘာ၂ရက်တွင် ပုလဲမြို့သစ် ဓမ္မဂုဏ်ရောင်ဆရာတော် အရှင်တေဇိန္ဒနှင့် ဒီဇင်ဘာ ၃ရက်တွင် ယောဆရာတော် သိရိန္ဒာဘိဝံသဆရာတော် အရှင်သူမြတ်တို့က ညစဉ် ၇နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားတော်မူမည်ဖြစ်သည်။ လှူဒါန်းလိုသူများသည် ပွဲတော်ကျင်းပရေးကော်မတီ ဖုန်း-၅၄၁၆၈၁သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

## မြန်မာ့ရုပ်မြင်သံကြား

**၂၀-၁၁-၂၀၀၆ ရက်**
**(တနင်္လာနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇:၀၀ | ၁။ | အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်း သာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော် |
| ၇:၂၅ | ၂။ | ကျန်းမာဖို့ အတူကစားစို့ |
| ၇:၃၀ | ၃။ | နံနက်ခင်းသတင်း |
| ၇:၄၀ | ၄။ | သံသာချိုအေး မင်္ဂလာတေး |
| ၇:၅၅ | ၅။ | ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ |
| ၈:၁၀ | ၆။ | အတီးပြိုင်ပွဲ |
| ၈:၂၀ | ၇။ | ချစ်စရာ့အရွယ်ကကြိုးသွယ် |
| ၈:၃၀ | ၈။ | International News |
| ၈:၄၅ | ၉။ | Grammar made Easy |
| ၉:၀၀ | ၁၀။ | အစီအစဉ်ပြီး၏။ |

**ညပိုင်း**

| | | |
|---|---|---|
| ၁၆:၀၀ | ၁။ | စစ်ချီတေး စစ်သည်တေး |
| ၁၆:၁၅ | ၂။ | မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ |
| ၁၆:၃၀ | ၃။ | Practice in Reading |
| ၁၆:၄၅ | ၄။ | အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ်(ရူပဗေဒအထူးပြု) [ရူပဗေဒ] |
| ၁၇:၀၀ | ၅။ | အကပဒေသာ |
| ၁၇:၁၀ | ၆။ | မြန်မာစာ မြန်မာစကား |
| ၁၇:၂၀ | ၇။ | မြန်မာ့ရိုးရာတောခလေ့ ကျေးလက်တေးသံများ |
| ၁၇:၃၀ | ၈။ | **"ဆွေမျိုးတော်ပေမယ့်"** ဒုရဲမှူးတင်လင်း၊ ဆောင်းအိန္ဒြေထွန်း (ဒါရိုက်တာ-သက်တင်) |
| ၁၇:၃၅ | ၉။ | တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခြင်း) |
| ၁၇:၄၅ | ၁၀။ | **"စက်မှုဇုန်မှာ ကျွန်မစက်ရုံလာတည်တော့မယ်"** ဖြိုးငွေစိုး၊ မိုးဒီ၊ စောနိုင်(ရှမ်းပြည်)၊ သဇင်၊ နှင်းဆီ၊ ခင်မို့မို့အေး [ဒါရိုက်တာ-တင်အောင်ရွှေ (သုတေသီ)] |
| ၁၈:၀၀ | ၁၁။ | ညနေခင်းသတင်း |
| ၁၈:၃၀ | ၁၂။ | မိုးလေဝသအခြေအနေ |
| ၁၈:၃၅ | ၁၃။ | နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **"တောတွင်းသားငယ်လေး"** (အပိုင်း-၂၇) |
| ၁၈:၅၀ | ၁၄။ | အလှရှာမယ် လှကမ္ဘာဝယ် |
| ၁၉:၁၅ | ၁၅။ | နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်ခြင်းနဲ့အတူ"** (အပိုင်း-၁၉) |
| ၂၀:၀၀ | ၁၆။ | ပြည်တွင်းသတင်း |
| | ၁၇။ | နိုင်ငံတကာသတင်းများ |
| | ၁၈။ | မိုးလေဝသအခြေအနေ |
| | ၁၉။ | နိုင်ငံခြားဇာတ်လမ်းတွဲ **"တကယ်သဘောကျတယ်"** (အပိုင်း-၁) |
| | ၂၀။ | နောက်တစ်နေ့အစီအစဉ် |
| | ၂၁။ | အစီအစဉ်ပြီး၏။ |

# သမ္မတကမ်းခြေကျောင်းတိုက် ယောဂီဆောင် ရေစက်ချပွဲ

**ရန်ကုန် နိုဝင်ဘာ ၁၉**

လယ်တီမူ အနာဂါမ်ဆရာသက်ကြီးနည်း ဝိပဿနာအဖွဲ့ ကမ္မဋ္ဌာနာစရိယချုပ် မဟာသဒ္ဓမ္မဇောတိကဓဇ ဆရာကြီး ဦးသန်းအား အမှူးထား၍ ရန်ကုန်တိုင်း ဒလမြို့နယ် သမ္မတကမ်းခြေကျောင်းတိုက် ဆရာတော် အရှင်ဉာဏုတ္တမာဘိ (သာသနတက္ကသီလ ဓမ္မာစရိယ-ဘီအေ)နှင့် တပည့်ယောဂီအပေါင်းတို့လှူဒါန်းသော သမ္မတကမ်းခြေကျောင်းတိုက်အတွင်းရှိ အမျိုးသမီးယောဂီ နှစ်ထပ်ကျောင်းဆောင်အား နိုဝင်ဘာ၂၆ရက် နံနက်၉နာရီတွင် ရေစက်ချအမျှပေးဝေမည်ဖြစ်ရာ ရပ်ဝေးရပ်နီး ယောဂီသူတော်စင်အပေါင်းအား အတူတကွ ရေစက်ချ အမျှပေးဝေနိုင်ရန် ယောဂီဆောင်ဖြစ်မြောက်ရေးအဖွဲ့က ဖိတ်ကြားထားကြောင်း သိရသည်။ **(က-ပ)**






**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ ကွမ်းခြံကုန်းမြို့နယ် ဒေးဒနောစံပြကျေးရွာ ဘိုးဘွားရိပ်သာဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။** (သတင်းစဉ်)

**ကျောဖုံးမှ**

ရှေးဦးစွာ ကွမ်းခြံကုန်းမြို့ ဒေးဒနောစံပြကျေးရွာ ဘိုးဘွားရိပ်သာကို ကွမ်းခြံကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်ဝင်းနှင့် အလှူရှင်ဦးငွေသောင်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေက ဘိုးဘွားရိပ်သာဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးသည်။

## ရှင်းလင်းတင်ပြ

ထို့နောက် ဘိုးဘွားရိပ်သာ အလှူငွေပေးအပ်ပွဲနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံမြေနေရာ လွှဲပြောင်းပေးအပ်လှူဒါန်းပွဲကို ဆက်လက်ကျင်းပရာ ဘိုးဘွားရိပ်သာအလှူရှင်များကိုယ်စား ဦးဝင်းလှိုင်နှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံ၊ မြေနေရာအလှူရှင် ဦးဝင်းကျော်တို့က လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အလှူရှင်များက လှူဒါန်းငွေများကို ပေးအပ်လှူဒါန်းကြရာ ဝန်ကြီးဗိုလ်ချုပ်မောင်မောင်ဆွေ၊ ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့် ဒုတိယဝန်ကြီးဗိုလ်မှူးကြီးတင်ငွေတို့က လက်ခံကြသည်။

## လွှဲပြောင်းပေးအပ်

ဆက်လက်၍ ဘိုးဘွားရိပ်သာနှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို အလှူရှင် ဦးငွေသောင်းက ဘိုးဘွားရိပ်သာကော်မတီဥက္ကဋ္ဌ ဦးဇော်ဝင်းသို့လည်းကောင်း၊ ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံ မြေနေရာနှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းများကို အလှူရှင်ဦးဝင်းကျော်၊ ဇနီး ဒေါ်ခင်မြ၊ သမီး မခင်စမ်းသီတို့က ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့်သို့လည်းကောင်း အသီးသီးလွှဲပြောင်းပေးအပ်ကြသည်။

ထို့နောက် လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေက ကျေးဇူးတင်စကားပြောကြားသည်။ ဆက်လက်၍ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ဝင်းမောင်က ကျန်းမာရေးဝန်ကြီး ဌာနကိုယ်စား ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ကာကွယ်ရေးဝန်ကြီး ဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးတို့သည် ကျေးလက်ကျန်းမာရေးဌာနခွဲနှင့် ဘိုးဘွားရိပ်သာ အတွင်းလှည့်လည်ကြည့်ရှုပြီး အဘိုးအဘွားများကို လက်ဆောင်ပစ္စည်းပေးအပ်ကာ အားပေးစကားပြောကြားကြသည်။

## ကမ္ဘည်းကျောက်စာတိုင်ဖွင့်

ဆက်လက်၍ ကွမ်းခြံကုန်းမြို့နယ် ရေပေးဝေရေးအထိမ်းအမှတ်ကမ္ဘည်းကျောက်စာတိုင်ဖွင့်ပွဲအခမ်းအနားကို ထန်းတောရပ်ရှိ ရေပေးဝေရေးရေစင်ရှေ့၌ကျင်းပရာ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေနှင့် မြို့မိမြို့ဖ ဦးမြမောင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တိုင်းမှူးဗိုလ်မှူးချုပ်လှဌေးဝင်းက ရေပေးဝေရေးကမ္ဘည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးတို့သည် ကမ္ဘည်းကျောက်စာတိုင်ကို အမွှေး နံ့သာများဖြင့် ပက်ဖျန်းပေးကြသည်။

ယင်းနောက် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိန်တင်ဝင်းက မြို့ရေပေးဝေရေးရေစင်ရှိ ရေပိုက်ကိုဖွင့်လှစ်ပေးသည်။

## ရေပေးဝေရေးရှင်းလင်း

ဆက်လက်၍ ကွမ်းခြံကုန်းမြို့နယ် ရေပေးဝေရေးဖွင့်ပွဲနှင့် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ကွမ်းခြံကုန်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ဇာတိမာန်ခန်းမ၌ ကျင်းပရာ ရှေးဦးစွာရေပေးဝေရေးလုပ်ငန်းဖြစ်မြောက်ရေးကော်မတီဝင် ဦးတင်ထွန်းက ရေပေးဝေရေးလုပ်ငန်းဆောင်ရွက်ခဲ့မှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့ရေပေးဝေရေးစီမံကိန်းအတွက် စွမ်းအင်ဝန်ကြီးဌာနက ငွေကျပ် ၆၄သိန်း၊ China Focus Development Limitedမှ ငွေကျပ် သိန်း ၇၅၀နှင့် မြို့နေပြည်သူများ စုပေါင်းထည့်ဝင်ငွေကျပ် သိန်း၂၅၀တို့ကို ပေးအပ်လှူဒါန်းကြရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေတို့က လက်ခံကြသည်။

**ကျောဖုံးမှ**

အဆိုပါသက်ကယ်အိုင်ရေလှောင်တမံသည် စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ် ရှမ်းတပ်-ကုန်းရွာ သက်ကယ်အိုင်ချောင်းပေါ်တွင် တည်ရှိပြီး တမံအလျား ပေ၁၀၀၀ရှိသော မြေထိန်းတမံအမျိုးအစားဖြစ်ပြီး အကျိုးပြု ဧက၁၀၀ကို ရေပေးဝေနိုင်မည်ဖြစ်ကြောင်းနှင့် အဆိုပါ တမံတည်ဆောက်ပေးခြင်းကြောင့် စစ်ကိုင်း-မုံရွာကားလမ်း အုန်းတော-နတ်ခရိုင်လမ်းပိုင်း ရေကျော်မှုကိုလည်း လျော့နည်းစေမှာဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ထို့နောက် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက ကွမ်းခြံကုန်းမြို့နယ် သာယာလှပရေးနှင့် ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးခဲ့သော လုပ်ငန်းများ၊ ဆက်လက် ဆောင်ရွက်ပေးသွားမည့် အစီအစဉ်များ၊ နိုင်ငံတော်က လမ်းပန်းဆက်သွယ်မှု မြန်ဆန်ချောမွေ့စေရေး စီးပွားရေးအရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် ဆောင်ရွက်ပေးနေမှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အမှာစကား ပြောကြားရာတွင် နိုင်ငံတော်အစိုးရက ခေတ်အဆက်ဆက် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့ရသည့် နယ်စပ်ဒေသများ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေး စီမံကိန်းချမှတ်၍လည်းကောင်း၊ ကျေးလက်ဒေသနေပြည်သူများ၏ လူနေမှုဘဝမြင့်မားစေရေးအတွက် ကျေးလက်ဒေသ လုပ်ငန်းစဉ်(၅)ရပ် ချမှတ်၍လည်းကောင်း၊ နိုင်ငံတစ်ဝန်း ကွက်လပ်မကျန် ဖွံ့ဖြိုးတိုးတက်စေရန် အထူးဒေသကြီး၂၄ခု သတ်မှတ်၍လည်းကောင်း ဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်တွင် သိသိသာသာ ဖွံ့ဖြိုးတိုးတက်လျက်ရှိနေပြီဖြစ်ကြောင်း။

အလားတူ ကွမ်းခြံကုန်းမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရနှင့် ဒေသခံပြည်သူတို့ပူးပေါင်းဆောင်ရွက်နိုင်မှုကြောင့် ယခုအခါ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ကျေးရွာရေရရှိရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများ သိသာထင်ရှားစွာ ပေါ်ထွန်းလာပြီဖြစ်ကြောင်း၊ ဌာနဆိုင်ရာ ဝန်ထမ်းများကလည်း ဒေသခံပြည်သူများနှင့် ပူးပေါင်းပြီး မိမိသက်ဆိုင်ရာကဏ္ဍမှ ဒေသဖွံ့ဖြိုးရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း၊ ယနေ့ဖွင့်လှစ်ခဲ့သည့် ဘိုးဘွားရိပ်သာ အဆောက်အအုံနှင့် ရေပေးဝေရေးစီမံကိန်း အဆောက်အအုံပစ္စည်းများ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကွမ်းခြံကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးကျော်ဝင်းက ရေပေးဝေရေးလုပ်ငန်းနှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို တိုင်းစည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီးဦးသိန်းလှိုင်သို့ လွှဲပြောင်းပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**အမျိုးသားညီလာခံကိုယ်စားလှယ်များ ရန်ကုန်မြို့ အင်းစိန်လမ်းရှိ ကရင်ကျမ်းစာသင်ကျောင်း၌ ဝတ်ပြုဆုတောင်းကြစဉ်။** (သတင်းစဉ်)

**ကျောဖုံးမှ**

ယင်းနောက် အမျိုးသားညီလာခံကိုယ်စားလှယ်များက သိရှိလိုသည်များကိုမေးမြန်းကြရာ စက်မှုဇုန်စီမံခန့်ခွဲမှုကော်မတီဝင်များနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် အမျိုးသားညီလာခံကိုယ်စားလှယ်များသည် FAME ဆေးဝါးထုတ်လုပ်ရေးစက်ရုံသို့ သွားရောက်ကြပြီး ဆေးဝါးထုတ်လုပ်မှုလုပ်ငန်းအဆင့်ဆင့်၊ အရည်အသွေးထိန်းသိမ်းရေးနည်းစဉ်များကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် အမျိုးသားညီလာခံကိုယ်စားလှယ်များသည် စက်ရုံမှ ထုတ်လုပ်သော ဆေးဝါးများကို ဝယ်ယူအားပေးကြသည်။

ထိုမှတစ်ဆင့် အမျိုးသားညီလာခံကိုယ်စားလှယ်များသည် စက်မှုဇုန်အတွင်းရှိ ခိုင်ပရိဘောဂ စက်ရုံသို့ရောက်ရှိကြပြီး အိမ်သုံးပရိဘောဂများ၊ ဥယျာဉ်သုံးပရိဘောဂများ ထုတ်လုပ်နေမှုတို့ကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ယင်းမှတစ်ဆင့် အမျိုးသားညီလာခံကိုယ်စားလှယ်များသည် Ever November Garment အထည်ချုပ်စက်ရုံသို့ ရောက်ရှိကြပြီး အထည်ချုပ်လုပ်ငန်းများ ထုတ်လုပ်နေမှုအဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုလေ့လာကြရာ စက်ရုံမန်နေဂျာ ဦးကျော်တင့်က လိုက်လံရှင်းလင်းပြသသည်။

## ဝယ်ယူအားပေး

ထို့နောက် အမျိုးသားညီလာခံကိုယ်စားလှယ်များသည် စက်ရုံမှထုတ်လုပ်သော အဝတ်အထည်များကို ဝယ်ယူအားပေးကြသည်။

အလားတူ အမျိုးသားညီလာခံကိုယ်စားလှယ်များသည် အမျိုးသားညီလာခံကျင်းပရေး၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ၏စီစဉ်မှုဖြင့် ယနေ့(တနင်္ဂနွေနေ့) နံနက်ပိုင်းတွင် ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုကြရာ စေတီတော်ဂေါပကအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ယင်းနောက် အမျိုးသားညီလာခံကိုယ်စားလှယ်များသည် စေတီတော်မြတ်ကြီးအား လှည့်လည်ဖူးမြော်ကြည်ညိုကြပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ပန်း၊ ဆီမီး၊ အမွှေးနံ့သာတိုင်များ ဆက်ကပ်လှူဒါန်းကြသည်။

ထို့အတူ ခရစ်ယာန်ဘာသာဝင် အမျိုးသားညီလာခံကိုယ်စားလှယ်များသည် အမျိုးသားညီလာခံကျင်းပရေး၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ၏စီစဉ်မှုဖြင့် ယနေ့(တနင်္ဂနွေနေ့) နံနက်ပိုင်းတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ ကရင်ကျမ်းစာသင်ကျောင်း၊ လားဟူခရစ်ယာန်ကျောင်း၊ ကရင်နှစ်ခြင်းအသင်းတော် ဘုရားရှိခိုးကျောင်းတို့သို့ သွားရောက်၍ ဝတ်ပြုဆုတောင်းကြသည်။ **(သတင်းစဉ်)**



# ဝီဂန်၏ လေးပွဲဆက်တိုက်အနိုင်ရရေးကြိုးပမ်းမှု အက်စ်တွန်ဗီလာက ရပ်တန့်၍ သရေကျ

**သတင်းမြင်ကွင်း - မြင့်စိုး**

**လန်ဒန် နိုဝင်ဘာ ၁၉**

ပရီမီယာလိဂ်ပွဲစဉ်(၁၃) လက်ကျန် ပွဲအဖြစ် ဝီဂန်အသင်းနှင့် အက်စ်တွန်ဗီလာအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဂိုးမရှိသရေပွဲဖြစ်သွားသည်။

ဝီဂန်တို့အိမ်ကွင်း၌ ဘောလုံးပိုင်ဆိုင်မှုများများဖြင့် ခြေစွမ်းပြကစားနိုင်သော်လည်း အက်စ်တွန်ဗီလာက ဂိုးမရှိ သရေဆွဲထားသည်။



**ဗီလာအသင်းမှ ဘွန်မာနှင့် ဝီဂန်မှ ကာမာရာတို့ ဤသို့ အကြိတ်အနယ် ဘောလုံး ယှဉ်လုကစားခဲ့သည်။** (ဓာတ်ပုံ-အင်တာနက်)

အစောပိုင်းတွင် ဝီဂန်တိုက်စစ်မှူး မက်ကူလ်လော့ချ်၏ခေါင်းတိုက်ဂိုးကို ဗီလာဂိုးသမား ဆိုရင်ဆင် ကာကွယ်ပေးနိုင်ခဲ့ပြီး ဝီဂန်နောက်တန်းကစားသမား ပေါလ်စချာနာ၏ အနီးကပ်ကန်သွင်းမှုကိုလည်း ကာကွယ်နိုင်ခဲ့သည်။

ဒုတိယပိုင်းအစတွင် ဗီလာမှ အော့စ်ဘွန်း ခေါင်းတိုက်သွင်းယူရာ ဂိုးပေါက်လွဲသွားသည်။

ပွဲစပြီးတစ်မိနစ်အတွင်းမှာပင် ဝီဂန် တိုက်စစ်မှူး မက်ကူလ်လော့ချ်သည် ကာမာရာညာတောင်ပံမှ ဖြတ်ပို့သည့်ဘောလုံးကို ခေါင်းတိုက်သွင်းယူခဲ့ရာ ဗီလာဂိုးသမား အမိအရကာကွယ်လိုက်နိုင်သည်။

## ဂိုးမရှိသရေပွဲ

ဝီဂန်အသင်းသည် အကြိတ်အနယ် ကြိုးစားသော်လည်း ဂိုးပေါက်လွဲချော်မှုများကြောင့် ဂိုးမရှိသရေပွဲနှင့် ကျေနပ်လိုက်ရသည်။

အက်စ်တွန်ဗီလာအသင်းသည် ဝီဂန်အသင်း၏ လေးပွဲဆက်တိုက်အနိုင်ရမှုကို ရပ်တန့်စေခဲ့သည်။ ဗီလာနှင့် ဝီဂန်သည် ယခုနှစ်ပရီမီယာလိဂ်တွင် ခြေစွမ်းပြနေသည့်အသင်းများတွင် ပါဝင်သည်။

သို့သော်လည်း အက်စ်တွန်ဗီလာအသင်းသည် ပွဲစဉ်(၁၃)အပြီး တန်းစီဇယား ပဥ္စမနေရာသို့ ဆင်းသွားသည်။ ယမန်နေ့က အာဆင်နယ်အသင်းသည် နယူးကာဆယ်အသင်းနှင့် တစ်ဖက်တစ်ဂိုးစီ သရေကျသော်လည်း တန်းစီဇယား တတိယနေရာသို့ ရောက်လာသည်။

ဝီဂန်အသင်းသည် ယခုနှစ် ပရီမီယာလိဂ်တွင် ပွဲစဉ်(၁၃)အပြီး ငါးပွဲအနိုင်ရထားသည်။

မာတင်အိုနေးလ်၏ အက်စ်တွန်ဗီလာအသင်းသည် ဂိုးမရှိသရေပွဲကြောင့် တတိယနေရာသို့တက်ရောက်ရမည့်အခွင့်အလမ်းမှာ ပျက်ပြယ်ခဲ့ရသည်။

အလားတူ ဘလက်ဘန်းနှင့် တော့တင်ဟမ်ဟော့စ်ပါးတို့လည်း တစ်ဂိုးစီ သရေကျခဲ့သည်။ **(အင်တာနက်)**

# မြန်မာနိုင်ငံဗိသုကာများအသင်း သက်ကြီးပူဇော်

**ရန်ကုန် နိုဝင်ဘာ ၁၉**

မြန်မာနိုင်ငံဗိသုကာအသင်း သင်းလုံးကျွတ်ညီလာခံနှင့် သက်ကြီးပူဇော်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၈ရက်က ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ဗဟိုလမ်းရှိ ဗိုလ်တီးစားသောက်ဆိုင်၌ ကျင်းပသည်။ ရှေးဦးစွာ သက်ကြီးဗိသုကာဆရာကြီးများအား ပူဇော်ကန်တော့ကြသည်။ **(ဓါတ်ပုံ)**

ဆက်လက်၍ အသင်း၏ သင်းလုံးကျွတ်ညီလာခံနှင့် စကားရည်လုပွဲကို ကျင်းပရာ အသင်းဥက္ကဋ္ဌ ဒေါက်တာလှသန်းက အဖွင့်အမှာစကားပြောကြားပြီး အတွင်းရေးမှူး ဦးဆန်းဦးက အဖွဲ့၏နှစ်ပတ်လည်အစီရင်ခံစာကို ဖတ်ကြားကာ အသင်း၏ငွေစာရင်းရှင်းတမ်းကို ဒေါ်ယုဝတီက ဖတ်ကြားတင်ပြသည်။

ယင်းနောက် Registered Archited အပ်နှင်းခံရသော ၁၇၆ဦး၏ အမည်စာရင်းကိုဖတ်ကြားကြေညာပြီး အမှုဆောင်သစ်များ ရွေးချယ်အတည်ပြုခဲ့ကြပြီး စကားရည်လုပွဲများ ကျင်းပခဲ့ကြကြောင်းသိရသည်။ **(က-ပ)**

စာဆိုတော်နေ့ ဂုဏ်ပြုဆောင်းပါး

# ငယ်စဉ်ကစ ပျိုးထောင်မှု

ချစ်နိုင်
(စိတ်ပညာ)

ယခုနှစ် စာဆိုတော်ရာသီတွင် မြို့ကြီးပြကြီးများ၌ တခမ်းတနား စင်ထိုး၍ စာပေဟောပြောပွဲ မဆင်နွှဲဖြစ်ပါသော်လည်း ကျွန်တော်သည် ကျေးလက်တောရွာ ဓမ္မာရုံများ၊ ဘုန်းကြီးကျောင်းများနှင့် စာကြည့်တိုက်ရှေ့ ကွင်းပြင်မှာ စာပေဟောပြောပွဲသဘော ဟောပြောရခြင်းမျိုးတော့ ရှိခဲ့လေသည်။ စာရေးသူ စာဖတ်သူ တွေ့ဆုံပွဲများ၌ ကျွန်တော်တင်ပြလေ့ရှိသော ခေါင်းစဉ်များမှာ ဘာမှထူးထူးခြားခြား မရှိလှပါ။ "စေတနာကောင်းလျှင် ကံကောင်းမည်"၊ "လူဖြစ်ရသည့် ရည်ရွယ်ချက်"၊ "ဆန်းကြယ်သောကောင်းမှုအကျိုး"စသော စိတ်ကောင်းရှိရေး အားပေးနှိုးဆော်သော ဟောပြောချက်မျိုးသာဖြစ်ပါသည်။ ဘာသာရပ်အကြောင်း အရာက နိုင်ငံရေး၊ စီးပွားရေး စသည်တို့လည်း မဟုတ်ပါ။ လူငယ်များကို စာများများဖတ်ချင်အောင်၊ ဆွဲဆောင်နိုင်အောင် ကြိုးစားရင်း လူ့ဘဝကို စာပေဖြင့် မြှင့်တင်ကြအောင် တိုက်တွန်းသောတင်ပြခြင်းမျိုး ဖြစ်ပါသည်။ ဘာသာရေးအခြေခံသဘော မကင်းလွတ်သော်လည်း ဘာသာရေးရှုထောင့်သက်သက်လည်း မဟုတ်ပါ။ သုတရသစာပေမှ ရရှိနိုင်သော အသိအလိမ္မာတရားတို့ကို စိတ်ဝင်စားအောင် မျှဝေပါသည်။

ဆရာလယ်တွင်းသားစောချစ်၊ ဆရာကောင်းသန့် စသော စာရေးဆရာများနှင့်အတူ ချိုင့်ကြီး၊ ခွက်ကြီးတွေနှင့် တောလမ်း၊ မြေလမ်းကြမ်းကို ဆိုင်ကယ်စီးပြီး ခုနစ်မိုင်ကျော်သွားရသော(သာယာဝတီမြို့နယ်၊ လှည်းကူးဆိပ်ကျေးရွာအုပ်စု၊ ကိုးပင်ရိုးကျေးရွာ၊ ပညာဓိကစာကြည့်တိုက်ဖွင့်ပွဲ) ခရီးကြမ်းမျိုး ၂၈-၁၀-၂၀၀၆ ရောက်ရှိခဲ့သည်လည်း ရှိသည်။ စာရေးဆရာများ၏ ရင်ထဲမှာ ပွဲတင်ထပ်နေသော တိုက်တွန်းချက် စကားတစ်ခွန်းကို အဆင်တန်ဆာအမျိုးမျိုး၊ အလင်္ကာ အနုပညာအမျိုးမျိုးဖြင့် တင်ပြနေကြခြင်းသာ ဖြစ်ပါသည်။ ဆရာလယ်တွင်းသားစောချစ်က ထိုကျေးရွာ၌ ဟောပြောခဲ့သည့် ခေါင်းစဉ်မှာ "စာဖတ်ပါ"ဖြစ်သည်။ ဆရာကောင်းသန့် ဟောပြောသည့်ခေါင်းစဉ်မှာ "သမီးလေးဖတ်ဖို့နှင့် ကျွန်တော်"ဟူသော အကြောင်းအရာဖြစ်၏။ လူငယ်လူရွယ်တွေ စာဖတ်ကြပါဟု မပြတ်တမ်း တိုက်တွန်း ဆော်ဩနေခြင်း သဘောပင်ဖြစ်ပါသည်။

**ကလေးစာပေ**

စာပေချစ်စိတ်မှာ နှိုးယူရပါသည်။

စာပေကို မြတ်နိုးတတ်အောင် ပျိုးယူရပါသည်။

ယနေ့ရေတွင်းတူးက ယနေ့ ရေကြည်မသောက်ရသေးပါ။ အချိန်ကာလတစ်ခုကို ရင့်အောင်၊ မှည့်အောင် စောင့်ကြရပါသည်။ နောင်အခါ လူကြီးဖြစ်လာကြမည့် လူငယ်များကို စာများများဖတ်ဖြစ်အောင် တိုက်တွန်းနှိုးဆော်နေကြခြင်းသည် အနာဂတ်ကို အေးချမ်းလှပအောင် ပိုမိုဖန်တီးတတ်ကြစေလိုခြင်းပင် ဖြစ်ပါသည်။ အကျိုးတရားကောင်းအောင် အကြောင်းတရားကောင်းများ ပျိုးထောင်ရ၏။ လူငယ်စာပေ အလေးထားအပ်ပါသည်။

ကလေးစာပေ အရေးကြီးလှပါသည်။ ဘက်ပေါင်းစုံမှ၊ နည်းလမ်းပေါင်းစုံမှ၊ လူထုလူတန်းစား အလွှာအသီးသီးနှင့် အစိုးရမဟုတ်သော အသင်းအပင်း အဖွဲ့အစည်းများက အားပေးထောက်ကူပေးသင့်လှပါသည်။ အစိုးရတာဝန်ချည်းမဟုတ်ပေ။ လူ့ဘောင်၏ အရေးအရာတွင် အဖွဲ့ဝင်လူတကာ၏ စိတ်ပါဝင်စားမှု၊ စိတ်အားထက်သန်မှု၊ နှိုးကြားမှု၊ အမြင်ကျယ်မှုတွေ လိုအပ်လှပေသည်။ ဖွဲ့ရှိရလေသည်။

ငယ်စဉ်က ကျွန်တော်တို့ကို စာဖတ်ပါဟု မည်သူကမှ ငေါက်ငမ်းမာန်မဲ၍ တိုက်တွန်းနေစရာမလိုခဲ့ချေ။ ကျွန်တော်တို့ ကာတွန်းဖတ်ရမည့် အရွယ်တွင် ပေါ်ပြူလာ၊ မော်ဒန်၊ ကာတွန်းစုံ၊ ဖိုးဝ၊ မြားနတ်မောင်၊ မောင်ကမ္ဘာစသော ရုပ်ပြကာတွန်းစာအုပ်တွေ တစ်အုပ်ပြားခြောက်ဆယ်နှင့် ကျယ်ပြန့်စွာ ဝေဝေဆာဆာ မြိုင်မြိုင်ဆိုင်ဆိုင် ထွက်နေကြသည်။ ဦးဘရီနှင့်သမီးများစာပေ၊ ကိုတင်အောင်-မစန်းစာပေစသည်တို့မှ ထုတ်ဝေသည်။ ကလေးဂျာနယ်၊ မြတ်လုလင်စာစောင်၊ တေဇ၊ ရွှေသွေး၊ မိုးသောက်ပန်း၊ တို့ကျောင်းသား စသော ကလေးတွေနှစ်သက်ကြည်နူးစေမည့် ကလေးစာပေများကို တလေးတစား ထုတ်ဝေပေးရကောင်းမှန်းသိသော ပုဂ္ဂိုလ်အသီးသီးကို ကျေးဇူးတင်စွာ ဦးညွှတ်ပါ၏။ သူတို့ခေတ်အခါ သူတို့တာဝန်ကျေခဲ့ပါ၏။

**ပုံပြင်များ**

ပုံပြင်စာအုပ်တွေလည်း စုံလင်ပါသည်။

အီစွတ်ပုံပြင်၊ အန်ဒါဆင်းပုံပြင်၊ နိုင်ငံတကာပုံပြင်မျိုးစုံ ဖတ်နိုင်သည်။ ကျောင်းကန်အနီးမှ ပုံပြင်များ၊ မြန်မာကျေးလက်ပုံပြင်များ၊ မွန်ရိုးရာပုံပြင်များ၊ ကရင်ရိုးရာပုံပြင်များ၊ ကချင်ရိုးရာပုံပြင်များ၊ ပလောင်ရိုးရာပုံပြင်များစသည်ဖြင့် တိုင်းရင်းသားပုံပြင်စာအုပ်ပေါင်းသည်ပင် မနည်းချေ။ ဖတ်ပါလေ။ မြတ်နိုးတတ်ပါစေ။ အမျိုးဂုဏ် ဇာတိဂုဏ်ကို ပုံပြင်များက နှလုံးသားထဲအထိ ခိုင်မြဲအောင် ထိုးစိုက်ပေးနိုင်ခဲ့၏။

မဂ္ဂဇင်းဦးရေ များများမရှိကြသော်လည်း တန်ဖိုးနှစ်ကျပ်တန် ဆိုသော်ငြား အဆီအနှစ် အင်အားကမူ အလွန်ကောင်းသည်။ ရှုမဝ၊ သွေးသောက်၊ မြဝတီ၊ ငွေတာရီစသည်တို့မှာ အတွင်းပန်းချီသရုပ်ဖော် ရောင်စုံခွဖောင်တွေလည်းပါသည်။ ဆောင်းပါးများစွာ၊ ဝတ္ထုရှည်လည်း စွဲမက်လောက်စရာပါသေးသည်။ သာမန်ပြည်သူပြည်သားများကို စာဖတ်ကျင့်ရှိလာအောင်၊ စာဖတ်ရှိန်ရင့်လာအောင် ကောင်းစွာ ဆွဲဆောင် လေ့ကျင့်နိုင်ခဲ့သည်။ တိုင်းရင်းမေနှင့် ယုဝတီဂျာနယ်တို့လည်း လစဉ်ထွက်နေ ကြပါသေးသည်။ ကလောင်သွေးသူများစွာ ထိုဂျာနယ်၊ မဂ္ဂဇင်းများမှ ပေါ်ထွက်အောင်မြင်လာခဲ့ပေသည်။

လွတ်လပ်ရေးမရမီကလည်း စာပေသည် အမျိုးသားလွတ်မြောက်ရေး၊ နယ်ချဲ့ဆန့်ကျင်ရေး၊ လူအများ ကောင်းစားရေးကို တစိုက်မတ်မတ် ဖော်ကျူးခဲ့ပါသည်။ မြန်မာစာပေသည် လွတ်လပ်ရေးရရှိပြီးသည့် နောက်တွင်လည်း လူအများကောင်းစားရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ တရားမျှတရေး၊ ညီမျှရေး၊ ငြိမ်းချမ်းရေးစသော တန်ဖိုးများကိုသာ အစဉ်အမြဲရေးရှုခဲ့သည်။ စာပေသမားများသည် အများအားဖြင့် တာဝန်ကျေပွန်ခဲ့ကြသည်။ ကလေးစာပေများ ဖွံ့ဖြိုးအောင် ပျိုးထောင်ခဲ့ကြသည်။ လူငယ်စာပေများ ရေးသားအားပေးခဲ့သည်။ အမျိုးသမီးကလောင်ရှင်ပေါင်းများစွာ ပေါ်ထွန်းခဲ့ကြသည်။ ပြည်သူတို့ကောင်းကျိုးကို အဆက်မပြတ် သယ်ပိုးခဲ့ကြလေသည်။ အမျိုးသားစာပေ အစဉ်အလာကောင်းပေသည်။

**စာအုပ်စာပေ**

စာအုပ်စာပေမှတစ်ဆင့် ကျွန်တော်တို့ ယခင်က မသိသေးသော ဗဟုသုတတွေကို သိရှိအောင် လေ့လာဆည်းပူးနိုင်သည်။ မရှိဖူးသေးသော အတွေးအမြင်ကို သူတစ်ပါးသုတေသနပြုကာ ဖော်ထုတ်တွေ့ရှိထားချက်အားဖတ်ရှုကာ မျှဝေရယူနိုင်သည်။ အချိန်၊ ငွေကြေး၊ လုပ်အားများစွာ ရင်းနှီးပေးဆပ်စရာမလိုဘဲ အချက်အလက်၊ အချင်းအရာ၊ အဖြေ၊ ကောက်ချက်တို့ကို စာအုပ်စာပေလေ့လာရုံမျှဖြင့် နာရီ၊မိနစ်မဆိုင်း တွေ့ရသိရပြီ။ စာအုပ်စာပေပြန့်ပွားထွန်းကားလျှင် စာဖတ်သူများ ဗဟုသုတတိုးပွားမည်။ အကြားအမြင်ဗဟုသုတရှိသော လူထုသည် တော်ရုံတန်ရုံစိတ်ခံစားမှုကို စိတ်လှုပ်ရှားအောင် ဆွဲဆောင်လှည့်စားမှုမျိုးအား ခံနိုင်ရည်ရှိသည်။ မယိမ်းမယိုင်တုံ့ပြန်နိုင်လိမ့်မည်။

အချို့အချို့သော မလိုတမာထိုးနှက် ပုတ်ခတ်ခြင်းများသည် အခြေအမြစ်မရှိ၊ မှန်လဲမမှန်၊ ဟုတ်လဲမဟုတ်။ ဒါဖြင့် ဘာကြောင့် သူတို့က ပုတ်ခတ် ချိုးနှိမ်နေသနည်း။ ရည်ရွယ်ချက်ကား အကြောင်းအချင်းအရာ ယုတ္တိဗေဒ ခိုင်လုံရဖို့ အဓိကမဟုတ်။ ပုတ်ခတ်ဖိနှိပ်မှု သက်သက်သာ ဖြစ်၏။

**စာဖတ်မှသာ**

မည်သည့်ခေတ်မှာပဲဖြစ်စေ လူတွေ စာဖတ်ကြရပေမည်။ ၁၈၂၄မှ ၁၈၈၅အထိ၆၁နှစ်တိတိ ပြည်ပကျူးကျော်အနိုင်ကျင့်မှုကို ခံခဲ့ရခြင်းသည် ပြည်သူများခေတ်နှင့်အညီ ပညာဗဟုသုတ မပြည့်စုံခဲ့ကြသဖြင့် ဖြစ်ပေသည်။ ၁၈၈၆ခုနှစ်မှ ၁၉၄၇ခုနှစ်အထိ ၆၁နှစ်လုံးလုံး ထီးကျိုးစည်ပေါက် ကမ္ဘာပေါ်မှာ မြန်မာဟူသော နိုင်ငံတစ်ခု လုံးဝကွယ်ပျောက်(လက်အောက်ခံကိုလိုနီဘဝကျရောက်)ခဲ့ရခြင်းမှာ အမှန်အတိုင်းဝန်ခံရလျှင် ခေတ်နှင့်လျော်ညီအောင် စီးပွားရေးဘဝ၊ လူမှုရေးဘဝ၊ အုပ်ချုပ်ရေးဘဝ စသည်တို့ကို ပြုပြင်ပြောင်းလဲနိုင်စွမ်း၊ အသိပညာ အတွေးအမြင် မပြည့်စုံခဲ့ကြသောကြောင့်ပင် မဟုတ်ပါလား။ သင်ခန်းစာ ရဲရဲယူရမည်။

စာဖတ်လျှင် ခေတ်နောက်မကျပေ။

ဗဟုသုတပြည့်စုံလျှင် ရန်သူ၏အတိုင်းအဆကို သိမြင်သည်။ အမြော်အမြင်ရှိထားလျှင် တစ်ဖက်သား၏ ဘယ်ခြောက်ကာ ညာလှမ်းမည့် ရည်ရွယ်ချက်ကို ကြိုတင်မြင်ထားပြီး လက်ဦးအောင် တားဆီးနိုင်လိမ့်မည်။ တစ်ကွက်မှားလျှင် အစားခံရနိုင်သည့် အခြေအနေကို နားလည်ရမည်။ နှစ်ကောင်စားပြီး ကင်းပေါက်အောင် ကစားနိုင်ရမည်။ ပြည်ပမှ ဆွဲဆောင်လှည့်စားမှုများကို ဟာသအဖြစ် ရယ်မောလှောင်ပြောင်နိုင်ရမည်။ သူငယ်နှပ်စား ငအူငအအဖြစ် မိမိတို့ကိုသဘောထားကာ၊နှုးလိုက်နှပ်လိုက်၊ ချော့ချီတစ်ခါ၊ ဟောက်လိုက် ငေါက်လိုက်၊ ချောက်ချီတစ်လှည့်ဖြင့်၊ ကျိုးသွင်းနေပုံများကို သတိမလပ်၊ အသိကပ်နေရမည်။ မျက်တောင်မခတ်လေ့လာသုံးသပ်နေလျှင် အဖြစ်မှန်ကို ထွင်းဖောက်၍ မြင်ကြရမည်။ ဩော်-- ဒီယုန်မြင်လို့ ဒီချုံထွင်သကိုး။

**သာမန်လူပါ**

လူတိုင်းလူတိုင်း စာဖတ်ကြစေချင်သည်မှာ စာရေးဆရာအားလုံး၏ တူညီသော ဘုံလက္ခဏာဖြစ်၏။ ပေါင်းဆုံနေသော စေတနာအရင်းခံအမှန်ဖြစ်၏။ စာတတ်၊ ပေတတ်၊ ကျမ်းဂန်တတ်လှပြီဟု မိမိကိုယ်ကို မဆိုပေ။ မိမိသည် သာမန်စာပေမြတ်နိုးသူ။ စာဖတ်ဝါသနာပါသူ။ စာရေးသူတစ်ဦးမျှသာ ဖြစ်၏ လူတကာထက် ဘာမျှပိုမသိ။ ရေးသူ၊ ဖတ်သူဆွေးနွေးပွဲများတွင် ဘာကြောင့် စာရေးဆရာဖြစ်လာသလဲ ဟူသော မေးခွန်းမျိုးကို ဖြေကြားရတတ်သည်။ အခြားသော ရှေ့ကဆရာ၊ ဆရာမများလဲ အကြိမ်ကြိမ်အခါခါ ဖြေခဲ့ကြပြီးလေပြီ။ အဖြေအမျိုးမျိုး ပေးခဲ့ကြဖူးပြီ။ မိမိလည်း ဘာမျှမထူး။

စာရေးဆရာ တစ်ယောက်ချင်းစီမှာ မတူကွဲပြား အကြောင်းရင်းခံတရားများ ရှိနိုင်ကောင်းပါသည်။ တူညီသောအချက်များလည်း ရှိနိုင်ကောင်းသည်။ ဥပမာဆိုပါစို့-

(၁) စာဖတ်ဝါသနာပါခဲ့သည်။

(၂) စာများများ ဖတ်ခဲ့မိသည်။

(၃) စာပေထဲမှာပင် အတုယူစရာ အားကျစရာ စံတွေရလာကြသည်။

(၄) စာဖတ်များလာသဖြင့် သိသမျှ ရေးချချင်စိတ်၊ မိမိခံစားရသည်ကို မျှဝေရေးပြချင်စိတ်(ဝါ)စေ့ဆော်မှု စေတနာသည် တစ်စတစ်စ ရင့်သန်လာသည်။ စာရေးချင်စိတ် ရင့်မာထက်သန်လာသည်။

(၅) ရေးရင်းရေးရင်းနှင့် စာဖတ်ပရိသတ်အချို့နှင့် အံ့ကျလောက်သော ရေးသားမှုအတတ်ပညာ၊ လက်ခံနိုင်ဖွယ်ရှိသော အရေးအသား ကျွမ်းကျင်မှုအဆင့်သို့ ရောက်ရှိလာသည်။

(၆) ထို့နောက် ဆက်၍ဖတ်၊ ထပ်၍ရေး၊ များများရေး၊ ဤသို့ဖြင့် စာရေးဆရာဟူ၍ ဖြစ်ပေါ်လာကြရသည်။

မိမိစာရေးဆရာ ဖြစ်လာရခြင်းကား စာများများ ရေးခဲ့ခြင်းကြောင့်ပါ။ မှန်၏။ စာများများ ရေးနိုင်ခြင်းကား စာများများ ဖတ်ခဲ့သောကြောင့်တည်း။ ဟုတ်၏။ စာများများဖတ်နိုင်ခဲ့ခြင်းကား ငယ်စဉ်မှစ၍ စာပေကို ဝါသနာထုံအောင် လေ့ကျင့်ပျိုးထောင်ပြုစုခဲ့သော အဖေ၏ ကျေးဇူးသာ အရင်းမူလပါတကား။ ဆရာဦးမာတင်(၁၉၁၇-၁၉၉၂)သည် ချစ်နိုင်(စိတ်ပညာ) ဟူသော ကလောင်တစ်ချောင်း၏ ဖန်ဆင်းရှင် လက်ဦးဆရာ ဖြစ်ပေတော့သည်တကား။ အရင်းစစ်သော် ရေးဦးအကျဆုံး၊ အရင်းအမြစ်အကျဆုံး ပြုစုပျိုးထောင်ပေးခဲ့သည့် ကျေးဇူးရှင် ဖခင်ပါတကား။ မိဘကျေးဇူးတရားကား အနန္တ၊ အတိုင်းအဆမရှိ ကြီးမားပါဘိ။ ။



**နိုဝင်ဘာ ၁၁ရက်က အခြေခံပညာ မူလတန်းကျောင်း အမှတ်(၂၈) သင်္ဃန်းကျွန်းမြို့နယ်၌ ကျင်းပသော မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားတွင် သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမဆုရ မောင်ဇင်မင်းလွင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်မော်မော်သင်းက ဆုချီးမြှင့်စဉ်။** (က-ပ)

## တရားတော်များဟောကြားမည်

**ရန်ကုန် နိုဝင်ဘာ ၁၉**

ရန်ကုန်မြို့လုံးဆိုင်ရာ ပရိယတ္တိသာသနနုဂ္ဂဟဆန်လှူအသင်း၏ တိပိဋကဓရဂုဏပူဇာနှင့်အာစိဏ္ဏကံစုဘူးရေစက်ချ ဓမ္မသဘင်ကို လှိုင်သာယာမြို့နယ် အမှတ်(၁၁)ရပ်ကွက် အဝေယျာလမ်းတွင် ကျင်းပမည်ဖြစ်ရာ နိုဝင်ဘာ၂၃ရက်တွင် ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်)၊၂၄ရက်တွင်ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသ(မော်ကျွန်းဆရာတော်)၊ ၂၅ရက်တွင် ဘဒ္ဒန္တ ဝံသပါလာလင်္ကာရ (မြင်းမူဆရာတော်)၊၂၆ရက်တွင် ဘဒ္ဒန္တ ဂန္ဓမာလာလင်္ကာရ (မြင်းခြံဆရာတော်) တို့က တရားတော်များ ဟောကြားမည် ဖြစ်သည်။ **(မြို့နယ် ပြန်/ဆက်)**



**စာရေးဆရာကြီး ဦးတက်တိုး- ကဗျာစာဆို ဒေါ်နုယဉ်တို့အား ရည်စူး၍ အမှတ် ၁၁ နဝဒေးလမ်း ယောမင်းကြီးရပ်ကွက် ဒဂုံမြို့နယ်နေ ကျန်ရစ်သူမိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ငွေကျပ် ငါးသိန်းတန်ဖိုးရှိ ဆေးရုံသုံးပစ္စည်းများ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ပါမောက္ခဒေါက်တာ ဦးအောင်ခင်က လက်ခံယူစဉ်။** (က-ပ)

## ဥက္ကံမြို့ အထူးတရားပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၉**

ရန်ကုန်တိုင်း ဥက္ကံမြို့ ဦးအောင်ဇေယျရပ်ကွက် လောင့်ကျောင်းတိုက်တွင်နှစ်စဉ်ကျင်းပမြဲဖြစ်သော ကျေးဇူးတော်ရှင် အနန္တဂုဏ်ကျေးဇူးကို ရည်မှန်းလျက် တပည့်လောင့်ကျောင်းတိုက်ဆရာတော်ဦးသုမနနှင့်တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့က ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲနှင့် သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်းသင်္ကန်း စသောလှူဖွယ် ပစ္စည်းများ လှူဒါန်းပွဲကို (၃၂)ကြိမ်မြောက် ကျင်းပမည်ဖြစ်ရာ လောင့်ကျောင်းတိုက်၌ နတ်တော်လဆန်း ၁ ရက် နိုဝင်ဘာ ၂၀ရက် တနင်္လာနေ့ ည ၇ နာရီတွင် ရန်ကုန်မြို့ ညောင်ကန်အေးသာသနာ့ရိပ်သာ မဟာစည်နယ်လှည့်ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ၊ သာသနဇောတိကဓဇ စရိယထိလာ ဆရာတော်အရှင်ဉာဏိဿရ၊ နတ်တော်လဆန်း ၂ရက် နိုဝင်ဘာ၂၁ရက် အင်္ဂါနေ့ ည ၇နာရီတွင် ခရမ်း၀ မဟာစည်ရိပ်သာ မဟာ စည်နယ်လှည့်ဓမ္မကထိက ကမ္မဋ္ဌာနာ စရိယ (BA) Buddhism ဓမ္မာစရိယ အရှင်ဓမ္မရာဇာ အရှင်သူမြတ်တို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားချီးမြှင့်တော်မူမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**



ကွယ် လွန် သူ အဘိုးအဘွားများနှင့်အဖဦးဘကွန်း-အမိဒေါ်စိန်မြတို့အား ရည်စူး၍ သား-ဦးထွန်းရှိန်၊ ဦးသိန်းထိုက်၊သမီးဒေါ်သိန်း၊ ဒေါ်ညွန့်တင် သား သမီး မြေးတစ်စုက ဒဂုံမြို့နယ်၊ အမှတ် ၁၂၊ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက ကျောင်းတော်ကြီး ဆွမ်းပဒေသာပင်အတွက် အလှူတော်ငွေ ကျပ်တစ်သိန်းကို ပိဋကနှစ်ပုံခွဲဆောင်ဆရာတော် ဘဒ္ဒန္တပညာသိရီလင်္ကာရထံ ရေစက်ချအနုမောဒနာ တရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) အတွင်းရေးမှူးဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)



**အိန္ဒိယ နိုင်ငံ မဇ္ဈိမဒေသဗုဒ္ဓဂယာ မြေမြတ် မဟာရှိ ဗုဒ္ဓဂယာ မြန်မာ ကျောင်း (မူလ ကျောင်း ဟောင်း အ နောက် ဘက်) တိုးချဲ့မြေနှစ်ဧက ဝယ် ယူ ရန် နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ် ရန် အ တွက် အမှတ် ၆၉၊ ၅-၆လွှာ၊ ဒေါ်သိန်းတင်လမ်း ကန်တော်ကလေး မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဦးမောင်မောင်ဦး-ဒေါ်အေးသန်း၊ မြေး ပွင့်သီရိခင်၊ မောင်အောင်ဇေယျာမင်းနှင့် နန်းတော်ဝင်းအကောက်ခွန်ရှင်းလင်းရေးအေးဂျင့်မိသားစုက အလှူတော်ငွေကျပ်တစ်သိန်းတစ်သောင်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် (ဂမုန်းပွင့်-ဘေးလမ်း)အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှူးဆောင်ဆရာတော် ဒေါက်တာအရှင်ဝိစိတ္တ(ကဝ)ထံ ဆက်ကပ်လှူဒါန်းစဉ်။** (က-ပ)

## တိုင်းမှူးဗိုလ်ချုပ်အုန်းမြင့်နှင့် ဝန်ကြီး ဗိုလ်ချုပ်စောထွန်း ဆွမ်ပရာဘွမ်-ပူတာအို လမ်းအပိုင်း လမ်းတံတားများ စစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၁၉

**ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောထွန်းတို့သည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများနှင့်အတူ နိုဝင်ဘာ ၁၆ရက် နံနက် ၈နာရီက ကချင်ပြည်နယ် ဆွမ်ပရာဘွမ်မြို့မှ ပူတာအိုမြို့သို့ ထွက်ခွာခဲ့ကာ လမ်းတစ်လျှောက် လမ်းတံတားအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မိုင်တိုင်(၁၄၈/၀)၌ မကြာမီဖွင့်လှစ်တော့မည့် ဖုန်အင်တံတားဖွင့်ပွဲအတွက် အကြိုလုပ်ငန်းများ ဆောင်ရွက်ထားမှုကို ဆက်လက် ကြည့်ရှုစစ်ဆေးကြသည်။ ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ဖုန်အင်တံတားမှ ဆက်လက်ထွက်ခွာခဲ့ရာ မိုင်တိုင် ၁၆၁မိုင်၊ ၂ဖာလုံ၌ လမ်းဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့(၆)က စက်ယန္တရားများဖြင့် တောင်ပြိုမြေများ ဖယ်ရှားခြင်းနှင့် လမ်းတာချဲ့ခြင်းလုပ်ငန်းများ ဆောင်ရွက်ထားမှုကို စစ်ဆေးသည်။**

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့သည် မိုင်တိုင်(၁၈၄/၀)၌ မဆွမ်စွပ်တံတား ဆောက်လုပ်ရေး စီမံကိန်းရုံးသို့ ရောက်ရှိရာ တာဝန်ခံအင်ဂျင်နီယာမှူး ဦးဒေးဗစ်ဘရန်ရှောင်က တံတားလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးက လုပ်ငန်းများ သတ်မှတ်ချိန်အမီ ပြီးစီးအောင် လုပ်ဆောင်ရန် သတ်မှတ်စံချိန်စံညွှန်းအတိုင်းပြည့်မီအောင် လုပ်ကိုင်ရန်တို့ကို မှာကြား၍ လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းပေးသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့သည် မဆွမ်စွပ်တံတားလုပ်ငန်း ဆောင်ရွက်ထားမှုကို စစ်ဆေးခဲ့ပြီး ဆက်လက်ထွက်ခွာရာ မိုင်တိုင်(၁၉၃/၀)၌ တန်ဂျာချောင်းတံတားလုပ်ငန်းသို့ ရောက်ရှိကြရာ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးခိုင်စိုးက လက်ရှိတံတားအခြေအနေနှင့် လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်နှင့် တန်ဂျာချောင်း ရေစီးရေလာ အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ဝန်ကြီးက တံတားအကြောင်း၊ လမ်းအကြောင်း အခြေအနေကို စစ်ဆေးပြီး လုပ်ငန်းဆောင်ရွက်ထားရှိမှုအပေါ် လိုအပ်ချက်များ မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ရန်ကုန်မြို့ တက္ကသိုလ်၊ ကောလိပ်နှင့် အခြေခံပညာကျောင်းများ ဝန်ကြီး ဒေါက်တာချမ်းငြိမ်း လှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် နိုဝင်ဘာ ၁၉

**ပညာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာချမ်းငြိမ်းသည် ပညာရေးဝန်ကြီးဌာနရှိ ညွှန်ကြားရေးမှူးချုပ်များ လိုက်ပါလျက် ယမန်နေ့နံနက် ၈နာရီခွဲက ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်သို့ရောက်ရှိ၍ အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ ဌာနမှူးများနှင့် တွေ့ဆုံသည်။ ရှေးဦးစွာ ပါမောက္ခချုပ်ဒေါက်တာဦးဝင်းက နေ့သင်တန်းများ၊ အဝေးသင်တက္ကသိုလ်များစာမေးပွဲကျင်းပမှု၊ Language Lab အသုံးပြုသင်ကြားမှု၊ Computer Training Centre အသုံးပြုမှု၊ သုတေသန လုပ်ငန်းများဆောင်ရွက်မှု၊ စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်အောင် စီမံဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။**

### ကြိုးစားသင်ယူ

ထို့နောက် ဝန်ကြီးသည် အဆိုပါတက္ကသိုလ်ရှိ အဝေးသင်ကျောင်းသားကျောင်းသူများ၏ ပထဝီဝင်နှင့် စီးပွားရေးပညာအနီးကပ်သင်တန်း စာသင်ခန်းများသို့ သွားရောက်ပြီး ကြိုးစားသင်ယူကြရန်၊ တတ်မြောက်ကျွမ်းကျင်အောင်သင်ယူရန် မသမာသောနည်းဖြင့် မဖြေဆိုကြရန်၊ ရိုးရာယဉ်ကျေးမှုနှင့်အညီ ဝတ်စားဆင်ယင်ကြရန် အားပေးတိုက်တွန်းမှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် အမျိုးသား စီမံခန့်ခွဲမှု ပညာကောလိပ်သို့ ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ ကျောင်းအုပ်ကြီးနှင့် ဌာနမှူးများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံရာ ရှေးဦးစွာ ကျောင်းအုပ်ကြီးဒေါက်တာမြင့်ဆွေက ကျောင်းသမိုင်းအကျဉ်း၊ဖွင့်လှစ်ထားရှိသော သင်တန်းများ၊သင်ကြားပို့ချသော အထူးပြုဘာသာရပ်များ၊ ကျောင်းသားဦးရေ၊ ပုံမှန်သင်တန်းများ၊ အခြားသော တက္ကသိုလ်များနှင့် ပူးပေါင်းဖွင့်လှစ်သော သင်တန်းများ၊ ဝန်ထမ်းဦးရေနှင့် တည်ဆောက်ရေး လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

### တွေ့ဆုံ

ဆက်လက်၍ဝန်ကြီးသည်ကမာရွတ်မြို့နယ်ရှိ ရန်ကုန်စီးပွားရေးတက္ကသိုလ်သို့ရောက်ရှိပြီး အဆိုပါ တက္ကသိုလ်ရှိ အခန်းအမှတ်(၈)၌ ပါမောက္ခချုပ်၊ ပါမောက္ခ၊ ဌာနမှူးများနှင့်တွေ့ဆုံသည်။

ရှေးဦးစွာ ပါမောက္ခချုပ်ဒေါက်တာကံဇော်က ဝန်ထမ်းအင်အား၊ ဆရာ ဆရာမများ အရည်အသွေး မြှင့်တင်မှု၊ မဟာဘွဲ့နှင့် ပါရဂူဘွဲ့သင်တန်းများ သင်ကြားမှုနှင့် ခြံစည်းရိုး ကြက်ဆူပင်စိုက်ပျိုးမှုတို့ကို ရှင်းလင်း တင်ပြသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည်ရန်ကုန်ပညာရေးတက္ကသိုလ်သို့ ရောက်ရှိ၍ အဆိုပါတက္ကသိုလ်ရှိ အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ်၊ ဒုတိယ ပါမောက္ခချုပ်၊ ပါမောက္ခဌာနမှူးများနှင့်တွေ့ဆုံရာ ရှေးဦးစွာ ဒုတိယ ပါမောက္ခချုပ် ဒေါ်ထူးထူးအောင်က ဝန်ထမ်းအင်အား၊ ကျောင်းသားဦးရေ၊Computer Training Centre နှင့် Language Lab အသုံးပြုမှု၊ ဆရာ ဆရာမများ အရည်အသွေးပြည့်မီအောင် ဆောင်ရွက်မှုတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဝန်ကြီးသည် ဗဟန်းမြို့နယ် အမှတ်(၃) အခြေခံပညာ အလယ်တန်းကျောင်းသို့ ရောက်ရှိ၍ ကျောင်းသား ကျောင်းသူများ၏ သင်ယူတတ်မြောက်မှု စွမ်းရည်ကို စစ်ဆေးကာ ပညာကို ကြိုးစားသင်ယူကြရန်နှင့် ယဉ်ကျေးလိမ္မာသူများ ဖြစ်စေရန် မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် ဗဟန်းမြို့နယ် အမှတ်(၃) အခြေခံပညာမူလတန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းသား ကျောင်းသူများ၏ ဘာသာရပ်အလိုက် တတ်မြောက်မှုစွမ်းရည်များကို စစ်ဆေးကာ ပညာကို ကြိုးစားသင်ယူကြရန် အားပေးမှာကြားသည်။

ထို့နောက် ဝန်ကြီးသည်မရမ်းကုန်းမြို့နယ် အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိ၍ ကျောင်းသား ကျောင်းသူများအား ရည်မှန်းချက်ထား၍ ကြိုးစားကြရန်နှင့် လိမ္မာရိုးသားသူများဖြစ်လာစေရန် မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် မရမ်းကုန်းမြို့နယ် အမှတ်(၇) အခြေခံပညာ မူလတန်းကျောင်းသို့ ရောက်ရှိပြီး မြို့နယ်ပညာရေးမှူး၊ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများအား တွေ့ဆုံသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် မရမ်းကုန်းမြို့နယ် အမှတ်(၂)အခြေခံပညာ အလယ်တန်းကျောင်းသို့ ရောက်ရှိပြီး ပဥ္စမတန်းတွင် ပညာသင်ကြားနေသော မသန်စွမ်းကျောင်းသူ မသြော်မေစန်းအား အားပေးစကား ပြောကြားသည်။ **(သတင်းစဉ်)**



## မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် ဝါပ ၁၀ ရက်တရားစခန်းပွဲ

**ရန်ကုန် နိုဝင်ဘာ ၁၉**

ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ်(၈၂) နတ်မောက်လမ်းရှိ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီး၌ တစ်လနှစ်ကြိမ်ကျင်းပသော ဝါပ ၁၀ ရက်တရားစခန်းပွဲအဖြစ် ဒီဇင်ဘာလ ပထမပါတ်ကို ဒီဇင်ဘာ ၅ ရက်မှ ၁၄ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ယင်းတရားစခန်းပွဲကြီးကို အဖွဲ့ချုပ်ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တအနောပမ ပဲခူးဆရာတော်က ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္တာဉာဏ်ရောက်ပဋိစ္စသမုပ္ပာဒ်နှင့်သစ္စာလေးပါးတရားတော်များကို ဟောကြားမည်ဖြစ်သည်။ အသေးစိတ်သိလိုပါက ဖုန်း-၅၄၁၈၆၀သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

## ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ မြို့ရွာများ ဈေးနှုန်းသက်သာပြီး အလွယ်တကူဝယ်ယူနိုင်ရန်ရည်ရွယ် ရန်ကုန်-မန္တလေးမြဧရာဈေးသင်္ဘော မန္တလေးသို့ထွက်ခွာ

**ရန်ကုန် နိုဝင်ဘာ ၁၉**

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူးဦးစိုးတင့်သည် အထွေထွေမန်နေဂျာနှင့် ဌာနမှူးများလိုက်ပါလျက် ယမန်နေ့နံနက်ပိုင်းက ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ကုန်ပို့ဆောင်ရေးဌာနခွဲရုံးသို့ သွားရောက်ပြီး ဗိုလ်တထောင် အမှတ်(၆)တံတားတွင် ဆိုက်ကပ်ထားသော မန္တလေးမြို့သို့ ထွက်ခွာမည့် ရန်ကုန်-မန္တလေး မြဧရာဈေးသင်္ဘောကြီးပေါ်သို့ တက်ရောက်ပြီး ကုန်ပစ္စည်းများ တင်ဆောင်ထားရှိမှု အခြေအနေ၊ ဈေးဆိုင်ခန်းများ ခင်းကျင်းထားရှိမှု အခြေအနေနှင့် ဈေးသင်္ဘောဈေးသည်များ ဈေးရောင်းချနေမှု အခြေအနေတို့အား ကြည့်ရှုစစ်ဆေးပြီး **(အပေါ်ပုံ)** ဦးဆောင်ညွှန်ကြားရေးမှူးက နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ မြို့ရွာများက မိမိတို့ဒေသ၌ပင် ဈေးနှုန်းသက်သာစွာဖြင့် အလွယ်တကူဝယ်ယူနိုင်စေရန်အတွက် ရည်ရွယ်ပြေးဆွဲရခြင်းဖြစ်၍ ခရီးစဉ်တစ်လျှောက်ရှိ မြို့ရွာဒေသများ ဆိုက်ကပ်ရပ်နားပြီး ဈေးရောင်းချ သွားနိုင်ရေးတို့ကို တာဝန်ရှိသူများအား မှာကြားခဲ့ပြီး ရေယာဉ်လိုက် ဝန်ထမ်းများနှင့် ဈေးသည်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

အဆိုပါ မြဧရာဈေးသင်္ဘောကြီးနှင့်ဈေးတွဲနှစ်တွဲတို့တွင် ဆန်၊ ဆား၊ မီးဖို၊ ပရိဘောဂ၊ အထွေထွေ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ စုစုပေါင်း ၉၁၆ တန်ချိန်တင်ဆောင်ပြီး နံနက် ၁၁နာရီတွင် ရန်ကုန်မြို့မှ စတင် ထွက်ခွာသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကမ္ဘာတစ်လွှား အားကစား

## စပိန်လာလီဂါပွဲစဉ်(၁၁)ဆက်လက်ယှဉ်ပြိုင် နာမည်ကြီး ရီးရဲမက်ဒရစ်တို့နိုင်ပွဲရ

စုစည်းတင်ပြသူ
မောင်မောင်မြင့်ဆွေ

မက်ဒရစ် နိုဝင်ဘာ ၁၉

**စပိန်လာလီဂါ ဘောလုံးပွဲစဉ် (၁၁)ကို နိုဝင်ဘာ ၁၈ရက်က စတင်ကစားရာ ရီးရဲမက်ဒရစ်နှင့် ရေးဆင်းတို့ပွဲတွင် ရီးရဲမက်ဒရစ်က သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး အက်ဖ်စီဆီဗီလာနှင့် ဗလင်စီယာတို့ပွဲတွင် အက်ဖ်စီဆီဗီလာက သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။**

### ရီးရဲမက်ဒရစ်နှင့် ရေးဆင်း

၄-၄-၂ပုံစံဖြင့် ကစားခဲ့သော ရီးရဲမက်ဒရစ်သည် တိုက်စစ်တွင် ရာအူးလ်နှင့် နစ္စတယ်ရွိုင်းတို့ကိုထားကာ ကွင်းလယ်၌ ရေးယက်စ်၊ ဂူတီ၊ အီမာဆင်နှင့် ဒီယာရာတို့ဖြင့် တိုက်စစ်ဖွင့်ကစားခဲ့သည်။

### ဂိုးပြတ်နိုင်

အိမ်ကွင်း၌ အနိုင်ရရေး ပွဲအစမှာပင် ကစားအားတင်ခဲ့သော ရီးရဲမက်ဒရစ်သည် ပွဲချိန်ငါးမိနစ်မှာပင် နောက်ခံလူ ရာမို့စ်က အဖွင့်ဂိုးသွင်းယူနိုင်ခဲ့သည်။ ထို့နောက် ပွဲချိန် ၅၈မိနစ်တွင် ရေးယက်စ်က တစ်ဂိုးနှင့် ပွဲချိန် ၇၁ မိနစ်တွင် ဒီယာရာက တစ်ဂိုးသွင်းယူခဲ့သဖြင့် ရီးရဲမက်ဒရစ်တို့ သုံးဂိုးပြတ်အနိုင်ရရှိနေခဲ့သည်။

### တတိယနေရာ၌ရှိနေ

ရေးဆင်းအတွက် ချေပဂိုးတစ်ဂိုးကို ပွဲချိန် ၇၆မိနစ်၌ ရေးဆင်းနောက်ခံလူ ဂါရေးက သွင်းယူပေးခဲ့သဖြင့် ရီးရဲမက်ဒရစ်တို့ သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ရီးရဲမက်ဒရစ်သည် ယခုပွဲ အနိုင်ရရှိသဖြင့် ၁၁ ပွဲကစား ခုနစ်ပွဲနိုင်၊နှစ်ပွဲသရေ၊ နှစ်ပွဲရှုံးဖြင့် ၂၃မှတ်ရရှိကာ တန်းစီဇယား တတိယနေရာ၌ ရှိနေသည်။ ရေးဆင်းသည် ယခုပွဲရှုံးသဖြင့် တန်းစီဇယား ၁၄နေရာတွင် ရှိနေသည်။

### ဆီဗီလာနှင့်ဗလင်စီယာ

ခြေစွာနေသော ဗလင်စီယာကို အက်ဖ်စီဆီဗီလာတို့က အိမ်ကွင်း၌ သုံးဂိုးအပြတ် အနိုင်ရယူနိုင်ခဲ့သည်။ အိမ်ကွင်းနိုင်ပွဲချည်းသာ ကစားထားသော ဆီဗီလာသည် ယခုပွဲ ခြေစွမ်းပြကစားနိုင်ခဲ့ရာပွဲချိန်၁၉မိနစ်၌ကွင်းလယ်ကစားသမား အီစ်ကူဒီကတစ်ဂိုး၊ ပွဲချိန်

**ရီးရဲမက်ဒရစ်နှင့် ရေးဆင်းတို့ပွဲတွင် ရီးရဲမက်ဒရစ်မှ အီမာဆင်** (ယာ)**နှင့် ရေးဆင်းမှ ဗစ်တာအင်ရီတို့ ဘောလုံးယှဉ်လုစဉ်။** (ဓာတ်ပုံ-အင်တာနက်)



၅၅မိနစ်၌ ဖာဘီရာနိုကတစ်ဂိုးနှင့် ပွဲချိန် ၇၁မိ နစ်၌ တိုက်စစ်မှူး ကနူးတေးက တစ်ဂိုး သွင်းယူခဲ့သဖြင့် ဆီဗီလာတို့ သုံးဂိုးပြတ်အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ဆီဗီလာသည် ယခုပွဲ အနိုင်ရရှိသဖြင့် တန်းစီဇယားထိပ်ဆုံး နေရာတွင် ဆက်လက် တည်ရှိနေပြီး ဗလင်စီယာမှာ တန်းစီဇယားဆဌမနေရာတွင် ရှိနေသည်။

**(အင်တာနက်)**

## အီတလီစီးရီးအေပွဲစဉ်(၁၂) အေစီမီလန်တို့အဝေးကွင်းသရေကျ

ရောမ နိုဝင်ဘာ ၁၉

**အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၁၂)ကို နိုဝင်ဘာ၁၈ရက်က ဆက်လက်ကစားရာ အမ်ပိုလီနှင့် အေစီမီလန်တို့ ဂိုးမရှိ သရေပွဲဖြစ်ပြီး ကာဂလီယာရီနှင့် ပါလာမိုတို့ပွဲတွင် ကာဂလီယာရီက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။**



**အမ်ပိုလီနှင့် အေစီမီလန်တို့ပွဲတွင် အေစီမီလန်တိုက်စစ်မှူး ဂီလာဒီနို** (ယာ) **ထိုးဖောက်ကစားစဉ်။**
(ဓာတ်ပုံ-အင်တာနက်)

### အမ်ပိုလီနှင့်အေစီမီလန်

အိမ်ကွင်း သရေပွဲများနေသော အမ်ပိုလီတို့ သရေပွဲ ထပ်တိုးခဲ့ပြန်သည်။ အိမ်ကွင်း၌ ကစားရသော်လည်း အမ်ပိုလီတို့ အေစီမီလန်ကို အသာစီးရအောင် မကစားနိုင်ခဲ့ချေ။ အေစီမီလန်တိုက်စစ်တွင် ဂီလာဒီနိုနှင့် ရီကာဒိုအိုလီဗီရာတို့ကိုသုံးထားသဖြင့် ထိုးဖောက်ဂိုးသွင်းခွင့်များရအောင်ဖန်တီးနိုင်သော်လည်း အပိုင် ဂိုးသွင်းခွင့် ငါးကြိမ်ခန့်သာ ရရှိခဲ့သည်။ အေစီမီလန်က ၃-၅-၂ ပုံစံဖြင့် ကစားသလို အမ်ပိုလီကလည်း ၄-၄-၂ ပုံစံဖြင့် တုံ့ပြန်ကစားခဲ့သည်။

နှစ်သင်းစလုံး ရှုံးပွဲမကြုံတွေ့အောင် ထိန်းကစားသွားခဲ့၍ ပွဲချိန်ပြည့်သည်အထိ တစ်ဖက်နှင့်တစ်ဖက် ဂိုးမသွင်းနိုင်ဘဲဖြစ်ကာ ဂိုးမရှိ သရေပွဲဖြစ်ခဲ့ရခြင်း ဖြစ်သည်။ အမ်ပိုလီသည် ယခုပွဲ သရေဖြစ်ခဲ့သဖြင့်၁၂ပွဲကစားပြီးချိန်တွင် ၁၆မှတ်ရရှိကာ တန်းစီဇယားအဆင့် ငါးနေရာ၌ ရှိနေသည်။

### ကာဂလီယာရီနှင့်ပါလာမို

ကာဂလီယာရီတို့ကံကောင်းထောက်မစွာ အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ အဝေးကွင်း၊ အိမ်ကွင်း ခြေစွမ်းပြနိုင်သော ပါလာမိုသည် ကာဂလီယာရီ တို့၏ မာမာတင်းတင်း တုံ့ပြန်ကစားမှုကြောင့် ကာဗယ်ဟိုအမော်ရီတို့ဂိုးသွင်းခွင့်အပိုင် မရရှိခဲ့ကြချေ။ ကာဂလီယာရီတို့က ပါလာမိုတိုက်စစ်ကို ကွင်းလယ်မှ ဖြတ်ပြီးဟန့်တားနိုင်ခဲ့မှုကြောင့် စိတ်တိုင်းကျ ပါလာမိုတိုက်စစ်မှူးများမထိုးဖောက်နိုင်ခဲ့ခြင်းလည်း ဖြစ်သည်။

### အနိုင်ဂိုး

ကာဂလီယာရီ၏ တစ်လုံးတည်းသောအနိုင်ဂိုးကို ပွဲချိန် မိနစ် ၉၀တွင် ဆီမိုနီပိပိက သွင်းယူပေးခဲ့ခြင်းဖြစ်ပြီး ယင်းဂိုးဖြင့်ပင် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။ **(အင်တာနက်)**

## ဘွန်ဒက်စ်လီဂါဘောလုံးပွဲများ ယှဉ်ပြိုင် ရှော့လ်ကေးအသင်းထိပ်ဆုံးနေရာသို့ရောက်လာ

ရေးသားတင်ပြသူ
မြင့်မောင်စိုး

ဘာလင် နိုဝင်ဘာ ၁၉

**ဂျာမနီဘွန်ဒက်စ်လီဂါ ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၁၃)ပြိုင်ပွဲများကို နိုဝင်ဘာ ၁၈ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ အမှတ်ပေးဇယားတွင် ဝါဒါဘရီမင်အသင်းနှင့် ရမှတ်တူနေသော ရှော့လ်ကေး အသင်းက ကော့ဘတ်အသင်းကို အဝေးကွင်း၌ လေးဂိုး-နှစ်ဂိုးဖြင့်နိုင်ပြီး ထိပ်ဆုံးနေရာကို တက်ယူလိုက်သည်။**



**အာချန်နှင့် ဝါဒါဘရီမင်တို့ ယှဉ်ပြိုင်ကစားရာတွင် အာချန်အသင်းမှ ဆက်ချာရီ ဆလာ ဘောလုံးထိန်းသိမ်းမှုကို ဤသို့ တွေ့ရသည်။** (ဓာတ်ပုံ-အင်တာနက်)

### ကော့ဘတ်-ရှော့လ်ကေး

ပထမပိုင်း ၁၅မိနစ်အတွင်း ရှော့လ်ကေးက ကော့ဘတ်ကို နှစ်ဂိုးသွင်းယူခဲ့ပြီး ခြေစွမ်းပြနေသည်။ သို့သော်လည်း ကော့ဘတ်အသင်းမှ ရာဂျူးက ပထမပိုင်း ၃၁ မိနစ် အတွင်း ချေပဂိုး နှစ်ဂိုးသွင်းယူခဲ့သည်။

ဝါဒါဘရီမင်အသင်းသည် ယခုနှစ်ဘွန်ဒက်စ်လီဂါပြိုင်ပွဲ (၁၃)အပြီး ခုနစ် ပွဲနိုင်၊ သုံးပွဲသရေ၊ သုံးပွဲရှုံးထားသည်။ စုစုပေါင်း ၂၄မှတ်ရကာ ဒုတိယနေရာမှ လိုက်နေသည်။

ဘွန်ဒက်စ်လီဂါ ရာသီတွင် ချန်ပီယံ ဘိုင်ယန်မြူးနစ်အသင်းသည် ၁၃ပွဲကစားအပြီး ၂၃ မှတ်ဖြင့် စတုတ္ထနေရာမှ လိုက်နေသည်။



**ရှော့လ်ကေးနှင့် ကော့ဘတ်အသင်းတို့ ယှဉ်ပြိုင်ရာတွင် ကော့ဘတ်အသင်းမှ ဗိုလ်တန်**(ဝဲ)**၏ ထိုးဖောက်ယှဉ်ပြိုင်မှုကို ဤသို့တွေ့ရသည်။**
(ဓာတ်ပုံ-အင်တာနက်)

ဒုတိယပိုင်းပြန်စချိန်တွင် ရှော့လ်ကေးတို့ ထိပ်ဆုံးနေရာ တက်နိုင်ရေး မျှော်လင့်ချက်ဖြင့် အနိုင်ဂိုးသွင်းရန် အကြိတ်အနယ် ကြိုးစားခဲ့ရာ နှစ်ဂိုးထပ်မံသွင်းယူနိုင်ခဲ့သည်။

ရှော့လ်ကေး အသင်းသည် ယခုနှစ် ဘွန်ဒက်စ်လီဂါပွဲစဉ် (၁၃)အပြီး ရှစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ သုံးပွဲရှုံးကာ ရမှတ် ၂၆မှတ်ဖြင့် ထိပ်ဆုံးနေရာသို့ ရောက်လာသည်။

### ဝါဒါဘရီမင်ကံဆိုး

ထိုနေ့က ချန်ပီယံလိဂ် ပြိုင်ပွဲဝင် ဝါဒါဘရီမင်အသင်းသည် အဝေးကွင်း၌ အာချန်အသင်းကို တစ်ဖက်နှစ်ဂိုးစီ သရေကျခဲ့သည်။

ယင်းတို့ နှစ်သင်းသည် အပြန်အလှန် ဂိုးများသွင်းယူခဲ့ကြသည်။ အာချန်က ဂိုးစသွင်းခဲ့မှုကို ဝါဒါဘရီမင်နောက်မှလိုက်၍ ချေပဂိုးသွင်းနေရသည်။ ဝါဒါဘရီမင်၏ နောက်ဆုံးချေပဂိုးကို တိုက်စစ်မှူး ကလိုဆေးက ပွဲချိန် ၇၉ မိနစ်တွင် သွင်းယူခဲ့သည်။

### ဘိုင်ယန်မြူးနစ်နိုင်

ထိုနေ့က ချန်ပီယံဘိုင်ယန်မြူးနစ်အသင်းသည် အိမ်ကွင်း၌ စတုဂတ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ဘိုင်ယန်မြူးနစ် အသင်းအတွက် အနိုင်ဂိုးများကို မက်ကိုင်းနှင့် ပစ်ဇာရိုတို့က သွင်းယူခဲ့သည်။ ယခုနှစ်

### ဟာသာဘာလင်နိုင်

ဟာသာဘာလင် အသင်းသည် ထိုနေ့က ဒေါ့မွန်ကွင်း၌ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ခြေစွမ်းရှိသော ဟာသာဘာလင် အသင်းသည် ပွဲစပြီး ၁၅ မိနစ်အတွင်းမှာပင် နှစ်ဂိုးစလုံးကို သွင်းယူနိုင်ခဲ့သည်။ ပွဲချိန် ၂၃ မိနစ်တွင် ဒေါ့မွန်က ပင်နယ်တီဖြင့် ချေပဂိုးသွင်း ယူနိုင်ခဲ့သည်။

ယခုနှစ် ဘွန်ဒက်စ်လီဂါပြိုင်ပွဲတွင် ဟာသာဘာလင်အသင်းသည် ငါးပွဲနိုင်၊ ခြောက်ပွဲသရေ၊ နှစ်ပွဲရှုံးထားပြီး ပဥ္စမနေရာတွင် ရှိနေသည်။

### အခြားပွဲရလဒ်

**မိန့်ဇ် ၀ - ၀ ဟမ်းဘတ်**

**နုရင်ဘတ် ၃ - ၂ လေဗာကူဆင်။**

(အင်တာနက်)

**ဘိုင်ယန်မြူးနစ် ကစားသမားများ စတုဂတ်အသင်းကို နိုင်ပြီး ဤသို့ အောင်ပွဲခံခဲ့ကြသည်။**
(ဓာတ်ပုံ-အင်တာနက်)



## မော်လမြိုင်မြို့ အကျဉ်းထောင်မှ အကျဉ်းသူများအား စက်ချုပ်သင်တန်း ဖွင့်လှစ်သင်ကြားပေးခဲ့

**ရန်ကုန် နိုဝင်ဘာ ၁၉**

မော်လမြိုင်မြို့ အကျဉ်းထောင်ရှိ အကျဉ်းသူများ လွတ်မြောက်သည့်အခါ အသက်မွေးဝမ်းကျောင်းနိုင်ရေးအတွက် လက်မှုပညာရပ်များ သင်ကြားပေးလျက်ရှိရာ ၂၀၀၆ ခုနှစ် ဇန်နဝါရီ၁၇ ရက်မှ ဧပြီ ၃၁ ရက်အထိ စက်ချုပ်သင်တန်း အမှတ်စဉ်(၁)ကို သင်တန်းသူ ၁၂ ဦးဖြင့် ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး ဇူလိုင် ၁ ရက်မှ အောက်တိုဘာ ၃၁ ရက်အထိ စက်ချုပ်သင်တန်း အမှတ်စဉ်(၂)ကို သင်တန်းသူ ၁၂ ဦးဖြင့် ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**မော်လမြိုင်မြို့ အကျဉ်းထောင်ရှိ အကျဉ်းသူများအား စက်ချုပ်သင်တန်း ဖွင့်လှစ်သင်ကြားပေးနေသည်ကို တွေ့ရစဉ်။** (အကျဉ်း-ဦးစီး)

## အဆင့်မြင့်တန်းအမှတ်ပေးဘောလုံးပြိုင်ပွဲဆက် ပြည်ထဲရေးက လျှပ်စစ်စွမ်းအားကို အနိုင်ရရှိ

**ရန်ကုန် နိုဝင်ဘာ ၁၉**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၆-၂၀၀၇ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်း (မြန်မာလိဂ်) အမှတ်ပေး ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃နာရီခွဲက အောင်ဆန်းအားကစား ပြိုင်ကွင်း၌ ဆက်လက်ကျင်းပရာ ပြည်ထဲရေးအသင်းက လျှပ်စစ်စွမ်းအားအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ပြည်ထဲရေးအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ဒုတိယပိုင်းတွင် ဇော်လင်းထွန်းက သွင်းယူပေးသည်။ ယနေ့ပွဲစဉ်များအပြီးတွင် ပြည်ထဲရေးအသင်းက ကိုးပွဲကစား လေးပွဲနိုင်၊ သုံးပွဲသရေ၊ နှစ်ပွဲရှုံး ၁၅ မှတ်၊ လျှပ်စစ်စွမ်းအားအသင်းက ကိုးပွဲကစား တစ်ပွဲသရေ၊ ရှစ်ပွဲရှုံး တစ်မှတ်ရရှိထားသည်။

**ယနေ့ပွဲ**

နိုဝင်ဘာ ၂၀ ရက် **(ယနေ့)** ညနေ ၃ နာရီခွဲတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ လယ်ယာ/ဆည်မြောင်းအသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာန အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

**(မြန်မာ့အလင်း)**

## မင်္ဂလာညစာစားပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ (ဦးသိန်းဝင်း)-ဒေါ်သင်းသင်း(အထပြ၊ငြိမ်း)တို့၏သား

**မောင်ထူးသိန်းဝင်း B.A(History)**

**Sales & Marketing Manager (A-10 Industrial Co.,Ltd.)**

နှင့်

ရန်ကုန်မြို့နေ ဦးသူရိန်ထွင့်(ဒု-အကောက်ခွန်မှူး)-ဒေါ်မြမြမူ တို့၏ တစ်ဦးတည်းသောသမီး

**မကလျာသူရိန်ထွင့်(ခ)ဂျူဂျူး B.A(History)**

တို့၏ ၂၃-၁၀-၂၀၀၆ ရက်တွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော ဒုတိယမြို့နယ်တရားသူကြီး ဦးမင်းသိန်း(မရမ်းကုန်း)၊ ၅-၁၁-၂၀၀၆ ရက် Yuzana Garden Hotel၌ ကျင်းပသော မင်္ဂလာညစာခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော သီဟသုဓမ္မ မဏိဇောတဓရ ဦးအောင်ကြည်မြင့်နှင့်ဇနီး ဒေါ်စန်းကြည်(ခ) ဒေါ်မြစန်းကြည် (မန်နေဂျင်းဒါရိုက်တာ-သီရိရတနာ မဂ္ဂဇင်းသာကုမ္ပဏီ)၊ မင်္ဂလာလက်စွပ် ဆင်မြန်းချီးမြှင့်ပေးပါသော အငြိမ်းစားတိုင်းတရားသူကြီး ဦးကံလှနှင့်ဇနီး ဒေါ်ဝင်းဝင်းဆိုင်၊ မင်္ဂလာအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးကြပါသော ဂုဏ်သရေရှိလူကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မင်္ဂလာအခမ်းအနားတွင် အစစအရာရာ ကူညီပေးကြပါသော မြောက်ဥက္ကလာပ ACA ကျောင်းအုပ်ကြီး ဦးအောင်ချိုအေးနှင့်ဇနီး၊ မင်္ဂလာအခမ်းအနားမှူး ဦးကျော်စိုးဦး၊ မင်္ဂလာပန်းကြဲပေးပါသော မသန္တာလင်း၊ မင်္ဂလာပန်းကုံးသယ်ဆောင်ပေးပါသော မပိုးအိဖြူ၊ မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးပါသော မမြတ်ကေသွယ် (MRTV)၊ သတို့သားအရံ မောင်မျိုးသုခနှင့် မောင်နေအောင်လင်း၊ သတို့သမီးအရံ မစုစုလှိုင်နှင့် မသီတာလှိုင်၊ မိတ်ကပ်ဆံပင် ခင်စန်းဝင်းနှင့်အဖွဲ့၊ မင်္ဂလာဝတ်စုံ မေတ္တာဖြင့် ဖန်တီးပေးပါသော အေးအေးသန့် (MRTV)၊ ဓာတ်ပုံနှင့်ဗီဒီယို ကိုအောင် (FLESH MEMO Group)၊ Level 10 Pub & Restaurant တွင် ကျင်းပသော မင်္ဂလာညစာစားပွဲသို့ တက်ရောက်ကြပါသော သူငယ်ချင်းများနှင့် မင်္ဂလာလက်ဆောင်ပစ္စည်းများ ပေးပို့ကြပါသော လူကြီးများ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့် မောင်ထူးသိန်းဝင်း-မကလျာသူရိန်ထွင့်(ခ)ဂျူဂျူး။**









## မြန်မာ့အလင်း စာတည်းထံပေးစာများ

**စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသား၍ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ ပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက်၊ အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။ ။**

### သိမ်ဖြူလမ်းနောက်ဖေးလမ်းကြားက မီးစက်ကြီး မီးဘေးအန္တရာယ်စိုးရိမ်ရ၍ ရွှေ့ပြောင်းပေးပါ

**စာတည်းရှင့်-**

မင်္ဂလာတောင်ညွန့်မြို့နယ် ဖို့မြေရပ်ကွက်ရှိ သိမ်ဖြူလမ်းမကို မျက်နှာပြုထားသော ကုမ္ပဏီတစ်ခုသည် ဖို့မြေလမ်းသွယ်(၂)နှင့် သိမ်ဖြူလမ်း၏ကြားတွင် မီးစက်ကြီး အခိုင်အမာပြုလုပ်ထားပြီး လောင်စာဆီများ သိုမှီးထားရှိပါသည်။

ဖော်ပြပါ မီးစက်နှင့် ဖြည့်တင်းလောင်စာသိုမှီးထားရှိသော နေရာသည် ဖြတ်လမ်း၏ ဘေးတစ်ဖက်တစ်ချက်တွင် ရှိသဖြင့် ဆေးလိပ်သောက်သူများ အမှတ်တမဲ့ ဆေးလိပ်မီးပစ်မှုကြောင့်သော်လည်းကောင်း၊ မီးစက်အသုံးပြုသူများ ပေါ့ဆမှုကြောင့်လည်းကောင်း မီးဘေးစိုးရိမ်ရပါသည်။

သို့ပါ၍ အဆိုပါမီးစက်ကို စည်းကမ်းတကျထားရှိရေး သက်ဆိုင်ရာမှ ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

**မီးဘေးစိုးရိမ်သူ**

### သောက်ရေကန်ကြီး သန့်ရှင်းစေချင်

**စာတည်းခင်ဗျား-**

ပဲခူးမြို့နယ် ပုဏ္ဏားစုရပ်ကွက်ရှိ သောက်ရေကန်ကြီးဘေးတွင် ယာယီပွဲကျဈေး ကျူးကျော်ရောင်းချနေလျက်ရှိရာ စွန့်ပစ်ပစ္စည်းများနှင့် အမှိုက်ပုံကြောင့် သောက်ရေကန်သန့်ရှင်းရေးနှင့် ပတ်ဝန်းကျင်အိမ်များ ကျန်းမာရေးကို ထိခိုက်ပါသည်။ အဆိုပါပွဲကျဈေးအား သင့်တော်ရာသို့ ပြောင်းရွှေ့ပေးပါရန် တင်ပြအပ်ပါသည်။

**အမြင်မတော်သူ**

### သုံးခွမြို့တွင် လျှပ်စစ်ဓာတ်အားပြည့်စေလို

**စာတည်းခင်ဗျား-**

ရန်ကုန်တိုင်း သုံးခွမြို့တွင် လျှပ်စစ်မီးအားမှာ အလွန်နည်းသဖြင့် လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိရေးအတွက် ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**သုံးခွသား**

### မုံရွာ အနော်ရထာလမ်း ပြန်လည်ပြုပြင်ပေးစေလို

**စာတည်းခင်ဗျား-**

စစ်ကိုင်းတိုင်း မုံရွာမြို့ သလ္လာမြို့သစ်ရှိ အနော်ရထာလမ်းအား ၂၀၀၆ခု မတ်လအတွင်းက ပြုပြင်ခဲ့ပါသည်။

အဆိုပါ လမ်းမှာ ယခုအခါ ထပ်မံပျက်စီးသွားသည့်အတွက် ပြည်သူများသွားလာရေး များစွာ အခက်အခဲဖြစ်နေပါသောကြောင့် ပြုပြင်ပေးပါရန် တင်ပြအပ်ပါသည်။

**မုံရွာသား**

### ကြိုပို့ကားများ လိုင်းကားနှုန်းအတိုင်း ယူသင့်

**စာတည်းရှင့်-**

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(မြောက်ပိုင်း)မှ ကြိုပို့ယာဉ်များသည် ဆူးလေသို့ ပြေးဆွဲကြသော လိုင်းကားများကဲ့သို့ မဟုတ်ဘဲ ကားခများကို ကျပ် ၁၀၀၊ တချို့မှာ ကျပ် ၁၅၀ တောင်းနေပါသည်။ ကြိုပို့ယာဉ်များ လိုင်းထဲသို့ဝင်ရောက် ပြေးဆွဲမည်ဆိုလျှင် လိုင်းကားများယူသည့် ကားခအတိုင်း ယူသင့်ပါကြောင်း တင်ပြအပ်ပါသည်။

**ခရီးသည်တစ်ဦး**

### ရပ်ကွက်အတွင်းမှအကြော်ဆိုင် ဖယ်ရှားပေးစေလို

**စာတည်းခင်ဗျား-**

ဒဂုံမြို့သစ်(တောင်ပိုင်း)၊ (၁၈) ရပ်ကွက် ကျွန်းရွှေမြိုင်လမ်းအတွင်းမှ အိမ်တစ်အိမ်သည် အကြော်မျိုးစုံကို နံနက် ၃ နာရီခန့်မှ ညနေပိုင်းအထိ တစ်နေကုန်ကြော်နေပါသဖြင့် အညှော်နံ့များကြောင့် ပတ်ဝန်းကျင်နေသူများ၏ ကျန်းမာရေး ထိခိုက်နေရပါသည်။

သို့ဖြစ်ပါ၍ ၎င်းအကြော်ဆိုင်အား ရပ်ကွက်အတွင်းမှ ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

**အညှော်နံ့ခံစားနေရသူ**

### စည်းကမ်းနှင့်အညီ ဓာတ်ဆီရောင်းစေချင်

**စာတည်းခင်ဗျား-**

ပဲခူးမြို့ ကျောက်တွင်းကုန်း စက်သုံးဆီ အရောင်းဆိုင်အမှတ် (၀၁၉၃) တွင် ကားများအား ဓာတ်ဆီကို ပုံးနှင့်ထည့်၍ သယ်ဆောင်စေခြင်း၊ ပီပါလိုက်တင်၍ သယ်ဆောင်ခြင်းများ ပြုလုပ်နေသဖြင့် စက်သုံးဆီကို ယာဉ်၏ တိုင်ကီမှအပ အခြားထည့်စရာများဖြင့် ထည့်မပေးဘဲ အခြားဓာတ်ဆီဆိုင်များကဲ့သို့ စည်းကမ်းနှင့်အညီ ရောင်းချပေးသင့်ကြောင်း တင်ပြအပ်ပါသည်။

**ယာဉ်မောင်းများ**

### ဆွာမြို့ဈေးက လက်ဖက်ရည်ဆိုင် ဆောင်းဘောက်သံ အပြိုင်အဆိုင်

**စာတည်းရှင့်-**

ပဲခူးတိုင်း ရေတာရှည်မြို့နယ် ဆွာမြို့ဈေးအနီးတွင် လက်ဖက်ရည်ဆိုင်သုံးဆိုင်မှ တီဗွီအောက်စက်နှင့်တွဲ၍ ဗီဒီယို သီချင်းခွေနှင့်ဇာတ်လမ်းများကို ဆောင်းဘောက်စက်များဖြင့် အပြိုင်အဆိုင်ဖွင့်နေရာ ပတ်ဝန်းကျင်နေသူများ စိတ်အနှောင့်အယှက်ဖြစ်ရပါသည်။ သို့ပါ၍ အဆိုပါ လက်ဖက်ရည်ဆိုင်များအား ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

**နားမခံသာသူ**

### ဘော်ဒီထုရိုက်သံနားမခံသာ

**စာတည်းခင်ဗျား-**

ရခိုင်ပြည်နယ် စစ်တွေမြို့ အောင်ထွန်းဦးလမ်းရှိကားဘော်ဒီရုံတစ်ရုံသည် အချိန်မတော် ဘော်ဒီထုခြင်း၊ ဆေးရှာခြင်း၊ မီးစက်ကြီးများမောင်းနှင်ခြင်း၊ ကားများ ညမပြတ်ဝင်ထွက်ခြင်းကြောင့် ဆူညံကာ ပတ်ဝန်းကျင်နေ ပြည်သူများ စိတ်အနှောင့်အယှက်ဖြစ်ပြီး ကျန်းမာရေးထိခိုက်နေပါ၍ ဘော်ဒီရုံအား သင့်တော်ရာနေရာသို့ ပြောင်းရွှေ့ပေးပါရန် တင်ပြအပ်ပါသည်။

**စစ်တွေသား**

### ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ပေး

**စာတည်းခင်ဗျား-**

ဝမ်းတွင်းမြို့နယ် သဲတောမြို့ အရန်မီးသတ်တပ်ဖွဲ့နှင့် မျက်နှာချင်းဆိုင်ရှိ ရေမြောင်းသည် ပိတ်ဆို့နေပါသဖြင့် ရေပုပ်ရေညစ်များမှာ ရေမြောင်းပေါင်ကို ကျော်လွန်၍ လမ်းပေါ်အထိ စီးဆင်းနေပါသည်။

ထိုရေပုပ်ရေညစ်များကြောင့် ခြင်ယင်များပေါများကာ မကောင်းသော အနံ့အသက်များကြောင့် ပတ်ဝန်းကျင်ရှိလူများ ကျန်းမာရေးထိခိုက်နေပါသဖြင့် အဆိုပါ ရေမြောင်းကို ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**သဲတောသား**

### အင်္ဂပူမြို့ သုခလမ်း ပြုပြင်ပြီးစီး

၁၈-၉-၂၀၀၆ နေ့ထုတ် မြန်မာ့အလင်းသတင်းစာ ပေးစာကဏ္ဍတွင် ပါရှိသည့် **အင်္ဂပူမြို့နယ် ကွင်းကောက်ရဲစခန်းအနီးရှိ သုခလမ်းမကြီးမှာ ဆိုးရွားစွာ ပျက်စီးနေ** ပေးစာနှင့်ပတ်သက်၍ ပြုပြင်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

**(မြို့နယ်စည်ပင်သာယာရေးအဖွဲ့)**

### ရပ်ကွက်အတွင်းရှိ အလုပ်ရုံများအား ကြပ်မတ်ဆောင်ရွက်ပြီး

၆-၁၁-၂၀၀၆ နေ့ထုတ် မြန်မာ့အလင်းသတင်းစာ ပေးစာကဏ္ဍတွင် ပါရှိသည့် **လားရှိုးမြို့ရပ်ကွက် (၉) ဘူတာရုံကွေ့လမ်းမှ ဘူတာလမ်းမကြီး တစ်လျှောက် အလုပ်ရုံများ စည်းကမ်းတကျလိုက်နာရေး** ပေးစာနှင့်စပ်လျဉ်း၍ ကြပ်မတ်စစ်ဆေးပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

**(မြို့နယ်စည်ပင်သာယာရေးအဖွဲ့)**

### စည်းကမ်းမဲ့ ဝပ်ရှော့ရုံနှင့် ပတ်သက်၍ ဆောင်ရွက်ပြီးစီး

၉-၁၀-၂၀၀၆နေ့ထုတ် မြန်မာ့အလင်းသတင်းစာ ပေးစာကဏ္ဍတွင်ပါရှိသည့် **ဝါးခယ်မမြို့နယ် ကျွန်းကုန်းကျေးရွာရှိ စည်းကမ်းမဲ့ ဝပ်ရှော့အလုပ်ရုံကြောင့် ပတ်ဝန်းကျင်နေသူများစိတ်အနှောင့်အယှက်ဖြစ်ရ** ပေးစာနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။ **(မြို့နယ် စည်ပင်သာယာရေးအဖွဲ့)**

# မော်လမြိုင်မြို့ ကျိုက်သလွံစေတီမြတ်ကြီး ဗုဒ္ဓပူဇနိယ တန်ဆောင်တိုင်ဖွင့်ပွဲကျင်းပ

**မော်လမြိုင် နိုဝင်ဘာ ၇**

မော်လမြိုင်မြို့ ကျိုက်သလွံစေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယ တန်ဆောင်တိုင်ဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၃ရက်က ကျိုက်သလွံစေတီတော်ရင်ပြင်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ရှေးဦးစွာဗုဒ္ဓပူဇနိယ တန်ဆောင်တိုင်ပွဲတော် ဖွင့်ပွဲကို မွန်ပြည်နယ် မော်လမြိုင် ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကျိုက်သလွံစေတီတော်မြတ်ကြီးဘက်စုံ မွမ်းမံတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်အောင်နှင့် ဘုရားဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဒုတိယဥက္ကဋ္ဌဦးတင်အောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဗုဒ္ဓပူဇနိယတန်ဆောင်တိုင်ပွဲတော် မုခ်ဦးကို မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(ခေတ္တ) အတွင်းရေးမှူး ရဲမှူးကြီးတင်သိန်းဟန်က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ **(၁၆၈)**



# ဖျာပုံမြို့ အောင်သုခလမ်းအပိုင်း(၁) ကတ္တရာခင်း



**ဖျာပုံ နိုဝင်ဘာ ၁၈**

ဖျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ရန်လျာထားသည့် ဖျာပုံမြို့မှ ဘိုကလေးမြို့သို့ အထွက်လမ်းဖြစ်သော အောင်သုခလမ်းအပိုင်း(၁) အရှည်ပေ ၁၇၅၀၊ အကျယ် ၁၄ ပေ ကတ္တရာခင်းခြင်းလုပ်ငန်းကို နိုဝင်ဘာ ၁ရက်က စတင်ဆောင်ရွက်ခဲ့ရာ လုပ်ငန်းခွင်သို့ နိုဝင်ဘာ ၁၃ ရက် နံနက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသက်ပိုင်နှင့် အင်ဂျင်နီယာမှူး ဦးဇော်ထွန်းတို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။ **(အပေါ်ပုံ)**

အဆိုပါလမ်းသည် ဖျာပုံမြို့နယ်နှင့် ဘိုကလေးမြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ သွားလာရေးအတွက် အဓိကကျသည့် လမ်းမကြီးဖြစ်သည်။ **(၁၅၈)**

# သထုံမြို့နယ်ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲဆုချီးမြှင့်

**သထုံ နိုဝင်ဘာ ၁၅**

သထုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို အောက်တိုဘာ ၂၇ ရက် ညနေ ၃ နာရီက မြို့မအားကစားကွင်း၌ ကျင်းပသည်။

ဗိုလ်လုပွဲတွင် ဘင်လှိုင်ရပ်ကွက် ဘောလုံးအသင်းက မြေနီကုန်းကျေးရွာ ဘောလုံးအသင်းကို ငါးဂိုး-သုံးဂိုးဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ကျင်းပရာ သထုံမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးချမ်းငြိမ်းအောင်က ပထမဆုရရှိသော ဘင်လှိုင်ရပ်ကွက် ဘောလုံးအသင်းအား ဆုဖလားနှင့် ငွေသားဆုကျပ်တစ်သိန်းကို ပေးအပ်ချီးမြှင့်သည်။ **(အောက်ပုံ)** **(ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်း)**



**ရေဝတီတိုင်း ကျောင်းကုန်းမြို့နယ် ကိုင်းတာကျေးရွာအုပ်စု ကိုင်းတာကျေးရွာ၊ မြို့နှင့် ကျေးလက်ဆက်သွယ်သည့် လမ်းကျောက်ချောခင်းခြင်းလုပ်ငန်းကို နိုဝင်ဘာ ၁၀ရက်က အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်သီသီဝင်း ဦးဆောင်သောအဖွဲ့ ဝန်ထမ်းများ ဆောင်ရွက်ရာသို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ကျော်မိုးနှင့် ဒုတိယဦးစီးမှူး(အခွန်) ဦးကျော်မိုးလွင်တို့ ကွင်းဆင်းကြီးကြပ်ပေးစဉ်။** (၂၆၅)

# အမြို့မြို့ အနယ်နယ် သတင်းများ



**ကွမ်းလုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ မြို့သာယာလှပရေးအတွက် ကွမ်းလုံကြိုးတံတားအဝင် ဘိုဂုံပန်းခြံဝင်းအတွင်း မြေယာရှုခင်းအလှပြင်ဆင်ခြင်းကို အောက်တိုဘာ၁၇ရက်က အမှုဆောင်အရာရှိဦးဝင်းနိုင်ကြီးကြပ်ဆောင်ရွက်ပေးစဉ်။** (မြို့နယ် စည်ပင်)

# မှုခင်းမှတ်တမ်း(အရာရှိ) မွမ်းမံသင်တန်းဖွင့်ပွဲ လားရှိုး၌ ကျင်းပ

**လားရှိုး နိုဝင်ဘာ ၁၅**

ရှမ်း ပြည် နယ် (မြောက်ပိုင်း)ရဲတပ်ဖွဲ့၏ မှုခင်းမှတ်တမ်း(အရာရှိ) ဆင့်ပွားသင်တန်းအမှတ်စဉ်(၁/၂၀၀၆)သင်တန်း ဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၃ ရက် နံနက် ၈နာရီက လားရှိုးမြို့ အမှတ်(၁)ရဲစခန်း ရဲသူရိန် ခန်းမတွင် ကျင်းပရာ အခမ်းအနားတွင် တွဲဖက်ပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးကံလှိုင် တက်ရောက်၍ အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ ပြည်နယ်တရားသူကြီး၊ ပြည်နယ်ဥပဒေအရာရှိ၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ အကျဉ်းဦးစီးဌာန၊သတင်းတပ်ဖွဲ့၊ မှုခင်းတပ်ဖွဲ့မှ ဦးစီးအရာရှိများ၊ နည်းပြအရာရှိများနှင့် သင်တန်းသားအရာရှိ ၂၄ ဦးတို့ တက်ရောက်ကြသည်။ **(က-ပ)**

# တောင်ငူအခြေခံပညာအထက်တန်းကျောင်း ကျောင်းသူကျောင်းသားဟောင်းများ အာစရိယပူဇော်မည်

**တောင်ငူ နိုဝင်ဘာ ၁၀**

တောင်ငူမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း (ယခင် အမျိုးသားကျောင်း)မှ ကျောင်းသားကျောင်းသူဟောင်းများ၏ (၁၅)ကြိမ်မြောက် အသက်(၆၀)ပြည့် ဆရာ၊ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို ဒီဇင်ဘာ ၂၄ရက်(တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် အထက(၂) မင်္ဂလာခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

**လှူဒါန်းနိုင်**

ဆက်သွယ် လှူဒါန်းလိုသော ကျောင်းသား ကျောင်းသူဟောင်းများသည် အာစရိယပူဇော်ပွဲ ကျင်းပရေးကော်မတီနာယက ဦးတင်ထွေး(နဝဒေးမိတ္တူ၊ တောင်ငူ)၊ ဥက္ကဋ္ဌဦးတင်မောင်လှ ဖုန်း-၀၅၄-၂၄၀၂၅၊ ၂၄၀၃၅၊ အတွင်းရေးမှူး ဦးအောင်မင်း ဖုန်း-၀၅၄-၂၃၀၄၆၊ အဖွဲ့ဝင်များ ဖြစ်ကြသော ဦးကျော်မောင်း ဖုန်း-၀၅၄-၂၅၂၄၀၊ ဦးစိန်မြင့်(ဘုရင့်နောင်ဈေး-တောင်ငူ)-ဒေါ်ဝင်းမင်းသက် ဖုန်း-၀၅၄-၂၄၂၂၄၊ ၂၃၉၁၅ နှင့် ဒေါ်ထက်ထက်မိုး ဖုန်း-၀၅၄-၂၄၆၂၁၊ ၂၃၉၆၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြကြောင်းနှင့် ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသူ ကျောင်းသားဟောင်းများအားလုံး ပူဇော်ကန်တော့ပွဲသို့ တက်ရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားကြောင်း သိရသည်။ **(၃၀၃)**

# မြန်မာ့အသံ နားဆင်စရာ

**၁၃၆၈ခုနှစ်**
**နတ်တော်လဆန်း ၂ ရက်**
**၂၁-၁၁-၂၀၀၆ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

- ၇:၀၀ တရားတော်(ဦးဥတ္တမသာရ ဆရာတော်ကြီး၏ အင်္ဂုလိမာလသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

**နေ့လယ်ပိုင်း**

- ၁၁:၁၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား (GMP ဖြင့် ထုတ်လုပ်သော မျောက်ခေါင်းမှို-လင်ဇီးနှင့် လင်ဇီးဆေးဝါးများအကြောင်း)
- ၁၁:၃၀ မြန်မာ့မူဟန်ဇာတိမာန် ဟောပြောချက် (စာပေထွန်းကားပြည့်စွမ်းအား)(သာရဝေါစိုးကြည်)
- ၁၂:၀၀ သူ့အတွေးနှင့် သူ့အရေး (ပညာရှိနှင့် ပညာတတ်)(ဆင်ဖြူကျွန်းမြင့်သိန်း)
- ၁၂:၂၀ ဇာတ်လမ်းပမာနားဆင်စရာ (ကြိုလှဲ့တော့ ညှိုနွဲ့သပြေ)
- ၁၂:၄၅ မှတ်ဖွယ်မှတ်ရာသုတအဖြာဖြာ (စာဆိုပွဲတော်လနတ်တော်) (မေချို)
- ၁၃:၁၀ ပညာရေးအစီအစဉ် (ပဋ္ဌမတန်း အထွေထွေသိပ္ပံ)(အက်တမ်၊ မော်လီကျူး၊ ဒြပ်စင်၊ ဒြပ်နှော၊ ဒြပ်ပေါင်း)

**ညနေပိုင်း**

- ၁၆:၁၀ ဆိုကြမြိုင်မြိုင် တေးသံပြိုင်
  - (၁) အမုန်းတရားကိုခွာ (ပုရစ်ဖူးတေးအဖွဲ့)
  - (၂) ပြည်သူ့စာဆိုသို့ (သက်ဝေအဖွဲ့)
  - (၃) ရိုးရာဂီတဗမာ့အသံ (ဟသ်ာတေးအဖွဲ့)
- ၁၇:၀၀ တပ်မတော်စာတိုက်
- ၁၇:၃၀ ကျန်းမာကြံ့ခိုင်ဒို့မဏ္ဍိုင် (အလှအပနှင့် ကိုယ်လက်လှုပ်ရှားမှု) (မေလေး)
- ၁၈:၁၅ ကျေးလက်ဇာတ်လမ်း (တကယ်လုပ်ရင်အဟုတ်ဖြစ်တယ်)
- ၁၉:၁၅ သုတအဖြာဖြာတိုင်းရင်းဆေးပညာ (သတ္တမအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံအကြောင်း ဆွေးနွေးခန်း)
- ၂၀:၃၀ ကလေးများ၏ ပုံပြောပြိုင်ပွဲ အစီအစဉ် (အလိုကြီးသူ၏ရလဒ်)
- ၂၀:၄၀ ခံစားနားဆင် မြန်မာတေးသံစဉ်
  - (၁) အိုအေစစ်ကလေး (နှင်းရည်သန့်)
  - (၂) ချစ်ခွန်းပန်ခြွေသည့်နေ့ဝယ် (ကိုစိန်ဝင်း)
  - (၃) သံယောဇဉ် (မဥ္ဆူသင်း)



**သရက်ချောင်းမြို့ မြို့မရပ်ကွက်အတွင်း ရေနုတ်မြောင်း တူးဖော်ခြင်း လုပ်ငန်းများကို အောက်တိုဘာ ၂၂ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် အရန်မီးသတ်တပ် ဖွဲ့ ဝင် များ စုပေါင်းဆောင်ရွက်ကြရာ အမှုဆောင်အရာရှိ ဦးဇော်နိုင်ဦး၊ တာဝန်ခံအင်ဂျင်နီယာဦးစိန်ဝင်းနှင့် အရန်မီးသတ်တပ်ဖွဲ့ဒုတပ်ရင်းမှူး ဦးကြည်ဝင်းတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။** (တိုင်းစည်ပင်)

# နိုင်ငံတော်အစိုးရနှင့် ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်မှု ကွမ်းခြံကုန်းမြို့နယ်၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး ကျေးရွာရေရရှိရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများ ပေါ်ထွန်းလာ

**ကြည့်ရှုစစ်ဆေး**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် အဖွဲ့ဝင်များ ကွမ်းခြံကုန်းမြို့ ရေပေးဝေရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)



**ရန်ကုန် နိုဝင်ဘာ ၁၉**

ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့ ရေပေးဝေရေးလုပ်ငန်းဖွင့်ပွဲနှင့် ဒေးဒနောစံပြကျေးရွာ ဘိုးဘွားရိပ်သာဖွင့်ပွဲအခမ်းအနားများကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ တက်ရောက်အားပေးချီးမြှင့်သည်။

## တက်ရောက်

အခမ်းအနားများသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

*စာမျက်နှာ ၉ ကော်လံ ၁* ✡

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

**စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်တို့ သက်ကယ်အိုင်ရေလှောင်တမံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။** (သတင်းစဉ်)

# တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် သက်ကယ်အိုင်ရေလှောင်တမံဖွင့်ပွဲ တက်ရောက်ချီးမြှင့်



**ရန်ကုန် နိုဝင်ဘာ ၁၉**

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်တို့သည် နိုဝင်ဘာ ၁၈ ရက်တွင် စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့နယ် ရှမ်းတပ်ကုန်းရွာ သက်ကယ်အိုင်ရေလှောင်တမံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ကြသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်သာအေးက အဖွင့်အမှာစကားပြောကြားသည်။

## အမှာစကားပြောကြား

ယင်းနောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အမှာစကား ပြောကြားသည်။ ဆက်လက်၍ ဒေသခံပြည်သူများကိုယ်စား ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

## ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့က ရေလှောင်တမံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး သက်ကယ်အိုင်ရေလှောင်တမံကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

*စာမျက်နှာ ၉ ကော်လံ ၅* ■

# အမျိုးသားညီလာခံကိုယ်စားလှယ်များ လှိုင်သာယာစက်မှုဇုန်လေ့လာ စက်ရုံထုတ်အဝတ်အထည်များ ဝယ်ယူအားပေး

**ရန်ကုန် နိုဝင်ဘာ ၁၉**

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ကျင်းပလျက်ရှိသည့် အမျိုးသားညီလာခံသို့ တက်ရောက်နေကြသော အမျိုးသားညီလာခံကိုယ်စားလှယ်များသည် အမျိုးသားညီလာခံကျင်းပရေး၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ၏ စီစဉ်မှုဖြင့် အမျိုးသားညီလာခံနားရက်ဖြစ်သည့် ယမန်နေ့(စနေနေ့) နံနက်ပိုင်းတွင် ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်ရှိ လှိုင်သာယာစက်မှုဇုန်သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

## ရှင်းလင်းတင်ပြ

ရှေးဦးစွာ အမျိုးသားညီလာခံကိုယ်စားလှယ်များအား လှိုင်သာယာစက်မှုဇုန် စီမံခန့်ခွဲမှုကော်မတီရုံး ကနောင်ခန်းမ၌ လှိုင်သာယာစက်မှုဇုန် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးမြတ်သင်းအောင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး လှိုင်သာယာစက်မှုဇုန်၏ တည်နေရာ၊ အကျယ်အဝန်း၊ စက်ရုံအလုပ်ရုံများ၏ ကုန်ထုတ်လုပ်မှုအခြေအနေနှင့် စက်မှုဇုန်အကြောင်း သိကောင်းစရာများကို Power Point ဖြင့် ရှင်းလင်းတင်ပြသည်။

## ကြည့်ရှုလေ့လာ

ဆက်လက်၍ FAME ဆေးဝါးထုတ်လုပ်ရေးစက်ရုံမှ မန်နေဂျင်းဒါရိုက်တာ ဒေါက်တာခင်မောင်လွင်က FAME စက်ရုံသည် ၂၀၀၂ ခုနှစ် ဇန်နဝါရီလမှ စတင်၍ သဘာဝဆေးဝါးများကို ထုတ်လုပ်၍ ဈေးကွက်သို့ ဖြန့်ဖြူးရောင်းချမှု၊ အပြည်ပြည်ဆိုင်ရာ အရည်အသွေး သတ်မှတ်ရေးအဖွဲ့ (ISO) ၏ စံချိန်စံညွှန်းများနှင့်အညီ ထုတ်လုပ်နေမှု၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ စနစ်တကျ ထုတ်လုပ်သောကြောင့် ကျန်းမာရေးဝန်ကြီးဌာနက ချီးမြှင့်သော GMP Certificate ကို ၂၀၀၃ ခုနှစ် ဇန်နဝါရီလတွင် လက်ခံရရှိမှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်း တင်ပြသည်။

*စာမျက်နှာ ၉ ကော်လံ ၁* ❒